ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်၊ တနင်္ဂနွေနေ့ (14-8-2011) (၆၈၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစွာ ပြည်သူက ယုံကြည်လေးစားလောက်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများနှင့်တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာကိစ္စများ၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ၊ လာဘ်ပေးလာဘ်ယူ တားဆီးရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာရှိကြောင်း၊ နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့ ရသင့်ရထိုက်သည့် အခွင့်အရေးဆုံးရှုံးနစ်နာမှု ပေါ်ပေါက်လာသောအခါ ယင်းအခွင့်အရေးများ ရရှိစေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားခွင့်ရှိလာကြောင်း၊ ယင်းသို့ စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားလာမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမ မူလမှု စီရင်ပိုင်ခွင့်အာဏာများ တိုးမြှင့်အပ်နှင်းခြင်းနှင့်စပ်လျဉ်း၍လည်း ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ တရားမမူလမှု စီရင်ပိုင်ခွင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

နေပြည်တော် အထူးအထွက်တိုး စံပြစိုက်ခင်းလယ်ယာခွင်မှသည် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်ဆီသို့ (အပိုင်း - ၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ်ကို နိုင်ငံတစ်ဝန်း၌ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရှေးအတီတေကတည်းက မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ခဲ့ကြသည်။ သို့မို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ်တွင် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ထိပ်ဆုံးက ချမှတ်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

ကျေးလက်နေ တောင်သူလယ်သမားများ၏ ဆင်းရဲမှုကို လျှော့ချရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အလွန်အရေးပါလှသကဲ့သို့ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း စိုက်ပျိုးရေးပညာရှင်များသည် တစ်ခန်းတစ်ကဏ္ဍမှ အရေးပါလှပေသည်။

မြန်မာနိုင်ငံသည် တစ်ချိန်က ပြည်ပနိုင်ငံများသို့ ဆန်စပါးအများဆုံး တင်ပို့ရောင်းချနိုင်ခဲ့သည်။ သို့သော် နောက်ပိုင်းကာလများတွင်မူ ဆန်တင်ပို့မှုကို ဒေသတွင်း ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့က ဦးဆောင်ရယူသွားခဲ့ကြသည်။

မြန်မာတောင်သူတို့၏ အဓိကအားနည်းချက်ကား မိရိုးဖလာစပါးစိုက်နည်းများကို တရားသေ ဆုပ်ကိုင်ထားခြင်းသည်လည်း တစ်ကြောင်းပါလိမ့်မည်။

ယခင်က "စာမတတ်ရင် လယ်လုပ်"ဆိုသည့်ခေတ်မှ ယခု "စာတတ်မှ လယ်လုပ်" ရမည့်ခေတ်ကို ကူးပြောင်းလာသည်။ မျက်မှောက်ခေတ်တွင် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်၌ မိရိုးဖလာ စိုက်နည်းအစား သိပ္ပံနည်းကျ စိုက်နည်းစနစ်ကို မလွဲကေန် အသုံးပြုရန် လိုအပ်လာခဲ့ချေပြီ။

သို့မို့ကြောင့် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းလယ်ယာအတွင်း သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစွာ လက်တွေ့စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှုလေ့လာပြီး တောင်သူပညာပေး စံပြစိုက်ခင်း တာဝန်ခံ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း **စာမျက်နှာ ၉ ကော်လံ ၁ သို့**

သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားစဉ်။ (အပေါ်ပုံ)

မျိုးစေ့များ ပူးကပ်ခြင်းမရှိအောင် ပျိုးကြဲစဉ်။(ယာပုံ)

သတင်းဆောင်းပါး

မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံ

ဇော်မင်းလတ်(သတင်းစဉ်)

မြကြေးမုံ The Mirror

၁၄-၈-၂၀၁၁
(တနင်္ဂနွေနေ့)

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းမှု အစဉ်ဂရုပြု

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်ဖော်ဆောင်နေသည်။ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းများတွင် စာပေပညာသင်ကြားရေးသာမက ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဩဂုတ်လ ဒုတိယပတ်တွင် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုများ လုပ်ဆောင်လျက်ရှိသည်။ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့်ကုသရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးရေးနှင့် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်သည်။

အဆိုပါ လုပ်ငန်းစဉ်များအနက် ကျောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဦးစားပေးလုပ်ဆောင်ကြရန် လိုအပ်သည်။ ကျောင်းသား၊ ကျောင်းသူများကျန်းမာရေးအတွက် စာသင်ဆောင်များနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိသုံးစွဲရေး၊ ကျောင်းဈေးတန်းရှိ အစားအသောက်ဆိုင်များ၊ ကျောင်းပြင်ပမျက်နှာစာတွင် ရောင်းချနေသည့် မုန့်များ သန့်ရှင်းစွာရောင်းချရေး ကြပ်မတ်စစ်ဆေးကြရပေမည်။

ကျောင်းဝင်းထဲရှိ မုန့်ဆိုင်များ၊ ကျောင်းပတ်ဝန်းကျင်ရှိ စားသောက်ဆိုင်များသည် ကလေးသူငယ်များ အလွယ်တကူ ဝယ်ယူစားသောက်နေကြသဖြင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိရန်လိုသည်။ အမြင်လှသော်လည်း ဆိုးဆေးများအသုံးပြုထားသည့်မုန့်များ၊ မှိုပါနေသည့် ရက်လွန်မုန့်များ၊ မသန့်ရှင်းသည့်ရေများဖြင့် စိမ်ပြီးရောင်းချနေသည့် ရေစိမ်အသီးများ စသည်တို့သည် ချောင်းဆိုးခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်းများ ဖြစ်ပေါ်စေသဖြင့် ကျောင်းကျန်းမာရေးအဖွဲ့များက စနစ်တကျစစ်ဆေးသင့်သည်။

ထို့အတူ ကလေးသူငယ်များတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်သည့်အနေဖြင့် စာသင်ခန်းများ၊ ရေအိမ်များ၊ စာသင်ခန်းပတ်ဝန်းကျင်များအခြေပြု၍ ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ကန့်လန့်ကာများ ဆေးရည်စိမ်ပေးခြင်း၊ ပိုးလောက်လမ်း နှိမ်နင်းခြင်း လုပ်ငန်းများကို ကျောင်းအုပ်ချုပ်သူများကိုယ်တိုင်ဦးစီး၍ အခါမလပ်ပြုလုပ်ကြရန် လိုအပ်သည်။ ထို့အပြင် ကျောင်းနှင့်ဝန်းကျင်တွင် ခြင်ကျားများ ပုန်းခို ပေါက်ပွားနိုင်သည့် နေရာများ၊ ရေတင်နိုင်သည့် ဘူးခွံ၊ ပုံးခွံ၊ ခွက်များ၊ တာယာဟောင်းများ၊ အိုးခြမ်းပဲ့များ စသည်တို့ကို ဖယ်ရှားပစ်ကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူတိုင်း အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့်သုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး(လက်သန့်)နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး(အိမ်သာသန့်)ဟူသည့် သန့်လေးသန့်နှင့် ပြည့်စုံနေစေရေး ဖန်တီးဖော်ဆောင် အသိပညာပေးကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းအားလုံးမှ တာဝန်ရှိသူများ၊ မိဘပြည်သူများ ပါဝင်ပူးပေါင်း၍ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ကျောင်းကျန်းမာရေးသီတင်းပတ်မှသည် စဉ်ဆက်မပြတ် ဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄	၁။	နိုင်ငံတော်သီချင်း
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၀	၄။	**ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၄)**
၁၁း၄၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြေစာပင်**
၁၂း၃၀	၆။	ကျန်းမာသုတ
၁၂း၄၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၇)**

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	ပညာပေးဇာတ်လမ်းတို -ငါးရစ်မျိုးငါးတို့မစား
၄း၃၀	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅	၇။	မြန်မာ့ရှုခင်း
၅း၀၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၉။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၂။	ဘဝကြေးမုံ -ထင်ရှုံမြင်ရှုံရွှေရင်ခုန်လို့ (မင်းသူ၊ မိုခမ်း နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၃။	ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၅၂)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၀။	ပဟေဠိနန်းတော်
	၂၁။	ကျန်းမာသုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ(အပိုင်း-၄၃)**
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၇၃)**

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးနည်းပညာများကူညီရန် တာဝန်ရှိ ကိုယ်တိုင်လယ်ကွင်းထဲဆင်း၊ လက်တွေ့လုပ်ကိုင်ပြီး ပိုမိုတတ်ကျွမ်းပြည့်စုံအောင် ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

မြို့နယ်အဆင့် စိုက်ပျိုးရေးမန်နေဂျာ၊ ကျေးရွာအဆင့် စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးသိပ္ပံမှ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းပညာများ ပေးအပ်ကူညီရန် အဓိကတာဝန်ရှိကြသူများ ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ရာနှုန်းပြည့် ကျွမ်းကျင်ပိုင်နိုင်မှသာလျှင် မိမိတို့တတ်ကျွမ်းသော ပညာဖြင့် လယ်ယာလုပ်ငန်းခွင်ကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် လက်တွေ့ကွင်းဆင်းလေ့လာသိရှိရသည်များကို အချင်းချင်းပေါင်းစပ်ညှိနှိုင်း ဖလှယ်ကြခြင်းဖြင့် လည်းကောင်း၊ ကိုယ်တိုင်လယ်ကွင်းထဲဆင်း၊ လက်တွေ့လုပ်ကိုင်ခြင်းဖြင့် လည်းကောင်း ပိုမိုတတ်ကျွမ်းပြည့်စုံမှုရှိအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယမန်နေ့နံနက် ၈ နာရီတွင် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (Good Agriculture Practice) ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ၈၀၊ ကျေးလက်စိုက်ပျိုးရေးမန်နေဂျာ လုပ်ငန်းခွင်အကြိုသင်တန်းသား ၁၂၃ ဦးနှင့် ပုသိမ်ကြီးစိုက်ပျိုးရေးသိပ္ပံမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၅၅ ဦး စုစုပေါင်း ၂၅၈ ဦးတို့အား နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထူးအထွက်တိုး စံပြစိုက်ခင်း ဧက ၁၀၀ ၌ တွေ့ဆုံမှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် လက်တွေ့မြေပြင်ရှိ တောင်သူလယ်သမားများနှင့် ထိတွေ့တာဝန်ယူကြရန်အပြင် ယင်းတို့၏ လိုအပ်ချက်၊ အခက်အခဲများကို စာနာနားလည်မှုအပြည့်အဝဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ရေမြေသယံဇာတများ ပေါကြွယ်ဝပါလျက် လယ်ယာကဏ္ဍ မဖွံ့ဖြိုး၊ မတိုးတက်ရခြင်းအပေါ် မိမိတို့လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တာဝန်ရှိသည်ဟုခံယူကြပြီး ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း။

အဓိက တာဝန်ကြီး(၃)ရပ်ဖြစ်သော ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးတာဝန်၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ လေ့ကျင့်ပညာပေးရန်တာဝန်၊ ပိုမို၍ တိုးတက်ကောင်းမွန်သော ခေတ်မီစိုက်နည်းစနစ် ရရှိဖော်ထုတ်နိုင်ရေး၊ အရည်အသွေးမြင့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ရေးအတွက် သုတေသနပြုလုပ်ရှာဖွေခြင်းတာဝန် (R & D)တို့ကို အဆင့်တိုင်းအဆင့်တိုင်း ကဏ္ဍအလိုက် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ဒေသတွင်း တောင်သူလယ်သမားများ ယုံကြည်လေးစား အားကိုးလာစေရန် တောင်သူလယ်သမားများနှင့် ပူးပေါင်း၍ စံနမူနာပြ နည်းပညာပေးစိုက်ခင်းများကို မြို့နယ်မန်နေဂျာများကိုယ်တိုင် ၁၀ ဧက၊ ကျေးရွာမန်နေဂျာများကိုယ်တိုင် ငါးဧက စိုက်ပျိုးလျက် နည်းပညာပေး လက်တွေ့အသုံးချဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် အထူးအထွက်တိုး စံပြစပါးဧက ၁၀၀ စိုက်ကွင်းအတွင်း ကြည့်ရှုလေ့လာကြပြီး သိလိုသည်များကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ အထူးအထွက်တိုး စံပြစပါးစိုက်ခင်း ဧက ၄၀ အတွင်းရှိ ချက်ချင်းနုတ် ချက်ချင်းစိုက်စနစ်ဖြင့် ၆၀ ရက်သားရှိ စပါးစိုက်ခင်းများနှင့် ရှင်းလင်းဆောင်အတွင်း ခင်းကျင်းပြသထားသော ခေတ်မီ လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် နေပြည်တော် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာအနီးရှိ အထူးအထွက်တိုး ကြံငါးဧကစိုက်ခင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့်အညီ တစ်ဧက တန် ၆၀ အထက် ထွက်ရှိအောင် စံပြစိုက်ပျိုးထားရှိမှုများကို ရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

မေတ္တာအခါတော်နေ့ (ဝါခေါင်လပြည့်)အား ရည်စူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ရိပ်အောက်ရှိ တနင်္လာ၊ အင်္ဂါနှင့် ကြာသပတေးနေ့ မေတ္တာဘာဝနာပွားများပွဲများမှ မေတ္တာရှင်များနှင့် ဓမ္မမိတ်ဆွေများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၂၁၆၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အထက(၁)တောင်ဥက္ကလာပ အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး ဆွေးနွေးမည်

ရန်ကုန် ဩဂုတ် ၁၃

တောင်ဥက္ကလာပမြို့နယ် အထက(၁)တွင် ၁၉၅၉ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၁၀၀	၀. ၀၃၃၄၃
တရုတ် (ယွမ်)	၆. ၃၉၀၂၀	၀. ၁၅၆၄၉
အိန္ဒိယ (ရူပီး)	၄၅. ၃၉၀၀	၀. ၀၂၂၀၃
မလေးရှား (ရင်းဂစ်)	၃. ၀၀၁၅၀	၀. ၃၃၃၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၂၃၀	၀. ၈၂၄၈၈
ဂျပန် (ယန်း)	၇၆. ၇၂၀၀	၀. ၀၁၃၀၃
တောင်ကိုရီးယား(ဝမ်)	၁၀၇၇. ၉၅	၀. ၀၀၀၉၃
ယူရို	၀. ၇၀၁၇၀	၁. ၄၂၅၁၁
ဗြိတိသျှ (ပေါင်)	၀. ၆၁၄၃၀	၁. ၆၂၇၈၇

အင်တာနက်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mikhail MGELADZE လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mikhail MGELADZE သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်နိုင်ရန် ဆွေးနွေးကြသည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အင်ဒိုနီးရှားသံအမတ်ကြီး လာရောက်တွေ့ဆုံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၃

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Sebastianus Sumarsono သည် ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကျိုင်းတုံခရိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၃

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဩဂုတ် ၁၁ ရက် ညနေပိုင်းတွင် ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းအဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၂၉ / ၂၀၁၁)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၇/၂၀၁၁) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများကိုပေးအပ်ကာ **(ဝဲပုံ)** သင်တန်းသူများ၏ လက်မှုအနုပညာလက်ရာများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တွဲဖက်ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ညနေပိုင်းတွင် ကျိုင်းတုံမြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကျိုင်းဖောင်း တံတားအောက်ရှိ မြို့ရေပေးဝေရေး ရေပိုက်သွယ်တန်းထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မြောင်မြို့ မြို့မဈေး၌ အလေးချိန်ခွင်စစ်ဆေး

မြောင် ဩဂုတ် ၁၃

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အသားငါးများ ရောင်းချရာတွင် အလေးချိန်ခွင် မှန်ကန်မှုရှိ၊ မရှိကို ဇူလိုင် ၂၅ ရက်က မြောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၈-၂၀၁၁ (တနင်္ဂနွေနေ့)
[၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
၇:၂၀ ၂။ FIFA U-20 WORLD CUP 2011 COLOMBIA ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကွာတားဖိုင်နယ်) (မက္ကဆီကိုနှင့် ကိုလံဘီယာ)
၉:၁၅ ၃။ ဘဒ္ဒန္တသီရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ လယ်ဝန်ကျောင်းတိုက်၊ သထုံမြို့၊ မွန်ပြည်နယ်ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၃၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက် ပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တဩဒါတသိရီဘိဝံသ၏ "မေတ္တာအခါတော်နေ့" တရားတော်
၅။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၆၈)**
၁၂:၃၀ ၅။ Golf Magazine (TV)
၁၂:၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှောင်ကြိုးမဲ့ချစ်သူ" (ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ညွန့်မြန်မာညီညီအောင်)**
၂:၂၀ ၇။ သက်တံရောင်သံစဉ်
၂:၃၅ ၈။ အတီးပြိုင်ပွဲ
၂:၅၀ ၉။ International News
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar နှင့် ရောဝတီယူနိုက်တက်)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၅)**
၆:၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ "သက်နှင်းနှင့်သူ၏အရိပ်များ" (သာထက်ပိုင်၊ ခိုင်ပွင့်) [ဒါရိုက်တာ-မေတင် (MMG)]
၇:၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၆)**
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၄၀)**
၁၂။ မြန်မာဗီဒီယိုဇာတ်လမ်း "သူငယ်တန်းဖတ်စာ" (လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန်းဆုရတီစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁၃။ "သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်"
၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၅။ အစီအစဉ်ပြီး၏။

လုံခြုံရေးတာဝန်ဝတ္တရားများလွှဲပြောင်းရေး အမေရိကန်သမ္မတနှင့် အာဖဂန်သမ္မတ ဆွေးနွေး

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန် ဩဂုတ် ၁၃

အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းတို့သည် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၌ အာဖဂန်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ရေးကိစ္စနှင့်ပတ်သက်၍ ဩဂုတ် ၁၂ ရက်က ဆွေးနွေးခဲ့ကြကြောင်း ဩဂုတ် ၁၃ ရက် သတင်းတွင် ဖော်ပြသည်။

အဆိုပါ နှစ်နိုင်ငံခေါင်းဆောင်များသည် ဗီဒီယိုကွန်ဖရင့်စ်နည်းပညာကိုအသုံးပြုကာ အကြောင်းရပ်အမျိုးမျိုးကို မိနစ် ၃၀ ကြာမျှ ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ ၂၀၁၄ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အာဖဂန်တပ်ဖွဲ့က ညွှန့်ပေါင်းတပ်ဖွဲ့ထံမှ အပြည့်အဝလွှဲပြောင်းရယူရန် ဆွေးနွေးခဲ့ကြသည်။ အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့အကြား ကာလရှည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်ကိုလည်း ၎င်းတို့ ဆွေးနွေးခဲ့ကြသည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ နိုဝင်ဘာလတွင်ကျင်းပမည့် ဒေသဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲနှင့် ဒီဇင်ဘာလတွင် ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ကျင်းပမည့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံတို့၏ အကြိုကာလတွင် အမေရိကန်နှင့် အာဖဂန်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင် ၃၀ သေဆုံးခဲ့ရသော ရဟတ်ယာဉ် ပစ်ချခံရမှုဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်အကြာ ဩဂုတ် ၇ရက်တွင်လည်း ဘာရက်အိုဘားမားနှင့် ဟာမစ်ကာဇိုင်းတို့ တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြသေးသည်။ အဆိုပါဖြစ်ရပ်သည် ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သော အာဖဂန်စစ်ပွဲအတွင်း တစ်ရက်တည်း အမေရိကန်တပ်ဖွဲ့ဝင် အများဆုံး သေဆုံးခဲ့ရသော ဖြစ်ရပ်ဖြစ်သည်။

ဆင်ဟွာ။

အမေရိကန် ကုန်သွယ်ရေးလိုငွေပြမှု ဒေါ်လာ ၅၃ ဒသမ ၁ ဘီလီယံ ရောက်ရှိ

ဝါရှင်တန် ဩဂုတ် ၁၃

အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးဌာန၏ ကိန်းဂဏန်းများအရ ကုန်သွယ်ရေးလိုငွေပြမှုသည် ၂၀၀၈ခုနှစ် အောက်တိုဘာလမှစ၍တွက်စစ်လျှင် ယခုနှစ် ဇွန်လ၌ မမျှော်လင့်ဘဲ အမြင့်ဆုံးအထိ ထိုးတက်သွားသည်ဟု ဖော်ပြသည်။

အမေရိကန် ကုန်သွယ်ရေးလိုငွေပြမှုသည် မေလအတွင်း၌ အမေရိကန်ဒေါ်လာ ၅၀ဒသမ ၈ဘီလီယံရှိရာမှ ဇွန်လတွင် ၅၃ဒသမ ၁ဘီလီယံသို့ခုန်တက်သွားကြောင်း၊ နိုင်ငံ၏သွင်းကုန်နှင့် ပို့ကုန်နှစ်မျိုးလုံးကျဆင်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ အမေရိကန် ပို့ကုန်လုပ်ငန်းကို ထိခိုက်စေသော အဓိကအကြောင်းတရားမှာ ကမ္ဘာတစ်ဝန်း၌ အမေရိကန် စက်မှုထုတ်ကုန်များကို ဝယ်ယူမှု လျော့ကျလာခြင်းပင်ဖြစ်သည်။

ပို့ကုန်တန်ဖိုးသည် မေလအတွင်း၌ ဒေါ်လာ ၁၇၅ ဒသမ သုည ဘီလီယံမှ ဇွန်လ၌ ဒေါ်လာ ၁၇၀ ဒသမ ၉ ဘီလီယံသို့ လျော့ကျလာပြီး သွင်းကုန်တန်ဖိုးသည် မေလ၌ ဒေါ်လာ ၂၂၅ ဒသမ ၈ ဘီလီယံမှ ဇွန်လတွင် ဒေါ်လာ ၂၂၃ ဒသမ ၉ ဘီလီယံသို့ ကျဆင်းလာခဲ့သည်။ ***အင်တာနက်။***

ပင်လယ်ရေအောက် ရှေးဟောင်းသုတေသန ရုရှားဝန်ကြီးချုပ်ပူတင် ကွင်းဆင်းလေ့လာ

မော်စကို ဩဂုတ် ၁၃

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် ပင်လယ်နက်၏ တာမန်ပင်လယ်အော်၌ ပင်လယ်ရေအောက်ရှေးဟောင်းသုတေသနလုပ်ငန်းခွင်ရှိရာသို့ ရေငုပ်ကာသွားရောက်ခဲ့ပြီး ရှေးဟောင်းကြွေထည်ပစ္စည်းနှစ်ခုကို ဆယ်ယူပေးခဲ့ကြောင်း နိုဗိုစတီသတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်ပူတင်သည် ဩဂုတ် ၁၀ ရက်က တာမန်ပင်လယ်အော်၏ ပင်လယ်ကြမ်းပြင်ရှိရာသို့ ရေငုပ်ဝတ်စုံဖြင့် ရေငုပ်ခဲ့ပြီး ရှေးဟောင်းဂရိမြို့ကြီးဖြစ်သော ဖာနန်ဂိုရီးယားတည်ရှိရာနေရာတွင် လေ့လာခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ရှေးဟောင်းဖာနန်ဂိုရီးယားမြို့သည် လေးရာစုခေတ်ကတည်ရှိခဲ့ပြီး ရုရှားပထဝီဝင်အသင်းကပြုလုပ်သော ရှေးဟောင်းသုတေသနစီမံကိန်းအရ ရှေးဟောင်းသုတေသနပညာရှင်များက ယင်းမြို့ဟောင်းကို လေ့လာလျက်ရှိကြသည်။

ဝန်ကြီးချုပ်ပူတင်သည် ရုရှားနိုင်ငံတောင်ပိုင်း တာမန်ကျွန်းဆွယ်ရှိ ရှေးဟောင်းသုတေသနလုပ်ငန်းခွင်အချို့သို့လည်း ကွင်းဆင်းလေ့လာခဲ့ကြောင်း၊ ပင်လယ်ရေအောက် ရှေးဟောင်းသုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ အများပြည်သူတို့ အလေးမူလာစေရန် ယင်းသို့ လေ့လာခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပင်လယ်ရေအောက်သို့ ရောက်ရှိနေခဲ့သော ရှေးဟောင်းပစ္စည်းများအား ပြသမည့်ပြတိုက်တစ်ခုကို ဖွင့်လှစ်နိုင်ရေးအတွက် မိမိဆွေးနွေးသွားမည်ဖြစ်ကြောင်း ပူတင်ကပြောကြားသည်။ ရှေးဟောင်းယဉ်ကျေးမှုလက်ရာ အဖိုးထိုက်ရတနာများကို လေ့လာရန် ပြည်သူတို့စိတ်ဝင်စားကြမည်ဟု မျှော်လင့်ကြောင်း ပူတင်က ပြောကြားသည်။ ***ဆင်ဟွာ။***

တရုတ်နိုင်ငံနှင့် ပါကစ္စတန်တို့ ပူးတွဲထုတ်လုပ်သော ဂျေအက်ဖ်-၁၇ အမျိုးအစား တိုက်လေယာဉ်ကို တွေ့ရစဉ်။

တရုတ်နိုင်ငံနှင့် ပါကစ္စတန် ပူးပေါင်း၍ တိုက်လေယာဉ်များ ထုတ်လုပ်

အစ္စလာမ္မာဘတ် ဩဂုတ် ၁၃

ပါကစ္စတန်လေတပ်သည် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း တရုတ်နိုင်ငံနှင့် ပူးပေါင်းလျက် ဂျေအက်ဖ်-၁၇ အမျိုးအစား တိုက်လေယာဉ် ၂၆ စင်းကို ထုတ်လုပ်ခဲ့ကြောင်း စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်လေတပ်သည် ဂျေအက်ဖ်-၁၇ အမျိုးအစား တိုက်လေယာဉ်များ ထုတ်လုပ်ရေးရည်မှန်းချက်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်ခဲ့ကြောင်း လေတပ်အထက်တန်းတာဝန်ရှိသူတစ်ဦးက ပါလီမန် ပြည်သူ့စာရင်းစစ်ရေးရာကော်မတီ ရှေ့မှောက်တွင် ပြောကြားသည်။

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဂျေအက်ဖ်-၁၇ အမျိုးအစား တိုက်လေယာဉ်များကို ပူးတွဲတည်ဆောက်ခဲ့ကြောင်း ကာကွယ်ရေးဆိုင်ရာ ထုတ်လုပ်မှုအတွင်းဝန် ရှာဟစ်အက္ကဘာက အဆိုပါကော်မတီသို့ ပြောကြားသည်။

အစားထိုးရန်ရှိ

ပါကစ္စတန်လေတပ်သည် လာမည့်နှစ်များအတွင်း ဂျေအက်ဖ်-၁၇ အမျိုးအစား တိုက်လေယာဉ် အစင်း ၂၅၀ ကို ထုတ်လုပ်ရန် စီစဉ်ထားကြောင်း ၎င်းကပြောကြားသည်။ ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ရေတပ်စခန်းတစ်ခုကို မကြာသေးမီက အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာတွင် စစ်လေယာဉ်များ ပျက်စီးခဲ့ရကြောင်း၊ ပျက်စီးခဲ့ရသော စစ်လေယာဉ်များကို စစ်လေယာဉ်သစ်များဖြင့် အစားထိုးနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပီတီအိုင်။



ရုရှားနိုင်ငံတောင်ပိုင်း တာမန်ပင်လယ်အော် ကမ်းလွန်၌ ရေငုပ်ရန် ပြင်ဆင်နေသော ဝန်ကြီးချုပ်ပူတင်အား တွေ့ရစဉ်။

ယခုနှစ်အတွင်း မိုးကြိုးထိမှန်၍ ကမ္ဘောဒီးယားနိုင်ငံ၌ လူ ၁၄၀ သေဆုံး

ဖနောင်ပင် ဩဂုတ် ၁၃

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ်အတွင်း မိုးကြိုးထိမှန်၍ ကမ္ဘောဒီးယားနိုင်ငံသား ၁၄၀ သေဆုံးပြီး ၁၀၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကီဘိုဗီက ဩဂုတ် ၁၃ ရက်တွင် ပြောကြားသည်။ ယခုနှစ်၏ မိုးကြိုးထိမှန်သေဆုံးမှုမှာ ယမန်နှစ်တစ်နှစ်လုံး သေဆုံးမှုထက် ပိုမိုမြင့်တက်နေပြီး ယမန်နှစ်က မိုးကြိုးထိမှန်သေဆုံးသူဦးရေမှာ ၁၁၄ ဦးရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

မိုးကြိုးထိမှန်သေဆုံးသူအများစုမှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်သည်။ ဖနောင်ပင်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၃၀၀ ခန့်တွင်ရှိသော ဘက်တန်ဘက်ပြည်နယ်မှာ မိုးကြိုးထိမှန်သေဆုံးသူ ၂၆ ဦးဖြင့် သေဆုံးမှုအမြင့်ဆုံး စံချိန်တင်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်စဉ် မိုးကြိုးထိမှန်မှုများ ဖြစ်ပွားလျက်ရှိရာ အထူးသဖြင့် မိုးရာသီကာလဖြစ်သည့် မေလမှ စတင်ကာ အောက်တိုဘာလအထိ ဖြစ်ပေါ်လျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားအိမ်ဖော်ကို မတရားပြုမူဆက်ဆံမှု မလေးရှားတစ်ဦး ထောင်ဒဏ် ရှစ်နှစ်ချမှတ်ခံရ

ကွာလာလမ်ပူ ဩဂုတ် ၁၃

မလေးရှားနိုင်ငံရှိ နေအိမ်တစ်အိမ်တွင် အိမ်ဖော်အဖြစ်လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးကို မတရားပြုမူဆက်ဆံခဲ့မှုဖြင့် မလေးရှားလူမျိုး အမျိုးသားတစ်ဦး ထောင်ဒဏ်ရှစ်နှစ်ကျခံရမည်ဖြစ်ကြောင်း၊ အဆိုပါအမျိုးသား၏ဇနီးမှာလည်း ၎င်းအိမ်ဖော်ကို မတရားညှဉ်းပန်းနှိပ်စက်ခဲ့မှုဖြင့် ထောင်ဒဏ်ကျခံနေရကြောင်း နယူးစထရိတ်တိုင်းမ် သတင်းစာက ဩဂုတ် ၁၃ ရက်တွင် ရေးသား ဖော်ပြသည်။

မတရားပြုမူ

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားဒေသမှ အသက် (၂၆) နှစ်ရှိ အိမ်ဖော်မတစ်ဦးကို မတရားပြုမူဆက်ဆံခဲ့သူမှာ ဗီယာလူးဆိုသူ မလေးရှားတစ်ဦးဖြစ်ပြီး ၎င်းသည် မြက်ရိတ်လုပ်ငန်းကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ ဗီယာလူးနှင့် ၎င်း၏ ဇနီးတို့က စွန့်ပစ်ခဲ့သော အိမ်ဖော်အမျိုးသမီးကို အပူလောင်ဒဏ်ရာများနှင့်အတူ ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ မလေးရှားနိုင်ငံ ပီနန်မြို့မြောက်ပိုင်းရှိ ခရိုင်တရားရုံးတစ်ရုံးက ဗီယာလူး (၄၂ နှစ်)အား ဩဂုတ် ၁၂ ရက်တွင် ပြစ်ဒဏ်စီရင်ချမှတ်ခဲ့သည်။ သို့ရာတွင် ဗီယာလူးက အယူခံလွှာတင်ခဲ့ကြောင်း နယူးစထရိတ်တိုင်းမ် သတင်းစာက ရေးသားဖော်ပြသည်။

ဗီယာလူး၏ဇနီး ပူနဂါဗာနမ်သည် လွန်ခဲ့သည့်နှစ် စက်တင်ဘာလက အင်ဒိုနီးရှားအိမ်ဖော် အမျိုးသမီးကို အပူရှိန်ရှိနေသော မီးပူဖြင့် ဒဏ်ရာရရှိစေခဲ့မှုဖြင့် ပြစ်မှုထင်ရှားတွေ့ရပြီးနောက် ထောင်ဒဏ်ရှစ်နှစ် ကျခံစေရန် မေလတွင် ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံခဲ့ရသည်။

အိမ်ဖော်အမျိုးသမီးကို အပူလောင်ဒဏ်ရာနှင့်အတူ လမ်းဘေးတစ်နေရာတွင် ရှာဖွေတွေ့ရှိခဲ့ရသည်။ ဗီယာလူးသည် မိမိအား ကြိမ်ဖန်များစွာ အဓမ္မပြုကျင့်ခဲ့သည်ဟုလည်း အိမ်ဖော်အမျိုးသမီးက စွပ်စွဲခဲ့သည်။

မလေးရှားနိုင်ငံ၌ အိမ်ဖော်အဖြစ် အလုပ်လုပ်ကိုင်သူ အမျိုးသမီးအများစုမှာ အင်ဒိုနီးရှားမှဖြစ်ကြသည်။ မကြာသေးမီနှစ်များအတွင်း အင်ဒိုနီးရှားအိမ်ဖော်များ မတရားပြုမူဆက်ဆံခံရသည့်အမှုများ မကြာခဏပေါ်ပေါက်ခဲ့သည်။ သို့ဖြစ်ရာ အင်ဒိုနီးရှားအိမ်ဖော်များ မလေးရှားသို့ သွားရောက်အလုပ်လုပ်ကိုင်မှုကို အင်ဒိုနီးရှားအစိုးရက နှစ်နှစ်ကြာ ပိတ်ပင်ခဲ့သည်။ **ဆင်ဟွာ။**

ဖိလစ်ပိုင်တောင်ပိုင်း၌ ရေလွှမ်းမိုးမြေပြိုမှုများကြောင့် သုံးဦးသေဆုံး

ဒါဗိုစီတီး ဩဂုတ် ၁၃

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး မိသားစု ၁၀၀ ကျော် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၃ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းရှိ ဆူလ်တန်ကူဒါရက်ပြည်နယ် ဘာဂမ်ဘာယန်မြို့အနီးရှိ ကျေးရွာတစ်ရွာ၌ မြေပြိုမှုများကြောင့် သုံးဦးသေဆုံးခဲ့ရသည်။ သေဆုံးသူများအနက် နှစ်ဦးမှာ ကလေးများဖြစ်ကြသည်။ ကင်နာယာအိုအမည်ရှိကျေးရွာ၌ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် နေအိမ် ၁၅ လုံး ပျက်စီးခဲ့ရပြီး မွေးမြူရေး တိရစ္ဆာန် အချို့ သေဆုံးခဲ့ရသည်။ အဆိုပါကျေးရွာ၌ မြေပြိုမှုကြောင့် လူသုံးဦး ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ။**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား UNFPA ဌာနေကိုယ်စားလှယ်နှင့် ကျွမ်းကျင်မှုဆိုင်ရာအကြံပေးပုဂ္ဂိုလ်တို့ လာရောက်တွေ့ဆုံ

နေပြည်တော်   ဩဂုတ်   ၁၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahad နှင့် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ရုံးမှ ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Saramma Thomas Mathai တို့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေးခဲ့

ထိုသို့တွေ့ဆုံရာ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ မွေးကင်းစနှင့် ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်ဆောင်ရွက်ခြင်းနှင့် မြို့နယ်များ ပိုမိုတိုးချဲ့ဆောင်ရွက်ရေးအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahad နှင့် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ရုံးမှ ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Saramma Thomas Mathai တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် မြန်မာ့ရွှေဆောင်ဘဏ် မြောင်းမြဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရွှေဆောင် မြောင်းမြဘဏ်ခွဲဖွင့်ပွဲ တက်ရောက်အားပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဩဂုတ်   ၁၃

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲတွင် မြောင်းမြမြို့ ဦးဘချိုလမ်းနှင့် အမှတ်(၄)လမ်းထောင့်၌ ကျင်းပသော မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်၏ အဌမမြောက်ဘဏ်ခွဲဖြစ်သည့် မြောင်းမြဘဏ်ခွဲ ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။

အဆိုပါ မြောင်းမြဘဏ်ခွဲကို ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကို၊ မြို့မိမြို့ဖဦးယုထော်နှင့် မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြောင်းမြဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်းမြမြို့ ဆန်စက်အမှတ်(၁၁၀၉)၊ ကျော် ဆန်စက်နှင့် ရေခဲစက်သို့ ရောက်ရှိပြီး ဆန်စက်အတွင်း ခေတ်မီစက်ကိရိယာများဖြင့် ဆန်ကြိတ်ခွဲနေမှုနှင့် ရေခဲစက်၌ ရေခဲထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုကာ နိုင်ငံခြားသို့ တင်ပို့ရန် အရည်အသွေး ပြည့်မီသော ဆန်များ ထုတ်လုပ်နိုင်ရေးနှင့် ဆန်ထွက်နှုန်းကောင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော ခေတ်မီပေါင်းခံစက် တည်ဆောက်အသုံးပြုနိုင်ရေး မှာကြားသည်။

ဆက်လက်၍ မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး ရုံးခန်း၌ မြောင်းမြမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များမှ ကျောင်းအုပ်ကြီးများအား တွေ့ဆုံခဲ့သည်။ (သတင်းစဉ်)

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန်   ဩဂုတ်   ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း(၂၆/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းတွင် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာ လူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်း၊ နိုင်ငံတကာ ဆက်သွယ်ပြောဆိုမှုပညာ စသည်တို့ကို ပို့ချခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း(၂၆/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၆း၃၀	MRTV-4 သတင်း
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၅)**
၇း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Mexico Vs Colombia) (LIVE)
၉း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၇)**
၁၀း၄၅	MRTV-4 7th Anniversary ဂုဏ်ထူးဝင်သံစဉ်များ (အပိုင်း-၂)
၁၁း၄၀	Sunday Talk
၁၂း၁၀	ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ (အပိုင်း-၂)
၁၂း၅၀	"အေးချမ်းသောရင်ခွင်" (မေတ္တာအခါတော်နေ့)တရားတော် (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၄၀	ဗီဒီယိုပြခန်း
၄း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၇)**
၅း၀၅	Sewing Mill "Shinsung" (ရွှေပေါက်ကံစက်မှုဇုန်)
၅း၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅း၅၀	စိတ်တိုင်းကျ ဝန်ဆောင်မှုအစစ် THITSA AIRCON SERVICE
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၆)**
၇း၀၅	MRTV-4 7th Anniversary ဂုဏ်ထူးဝင်သံစဉ်များ (အပိုင်း-၃)
၈း၀၀	MRTV-4 သတင်း
၈း၃၀	A Journey to the Korea
၈း၅၀	သွားမယ်စားမယ် (ရွှေလီအသားကင်ဆိုင်)
၉း၁၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
၉း၂၅	Barclays Premier League (Westbromwich Vs Man U)
၁၁း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၃၈)**
၁၂း၂၀	Celebrity Profile
၁၂း၅၅	မေတ္တာသည်သာတတ်စွမ်းနိုင်တာ
၁း၁၀	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၁း၂၀	ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင် (စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ) -ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၁း၂၅	နယူဉ်ဆန်းထွင်ပန်းအလှဆင်
၁း၅၀	အဆီအနှစ်ပြည့်ဝသော သဘာဝအရသာနန်းဝေနို့မှုန့်မှာ
၂း၀၅	ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
၂း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Nigeria) (LIVE)
၄း၃၀	မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက်မြကျောက်ရေစင်
၄း၄၀	ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇေမိ
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၅၅	Stoke City	-	Chelsea	ESPN (Live)
၉း၂၅	Westbromwich	-	Man U	ESPN (Live)

* **ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

အိမ်မဲမြို့၌ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေး

အိမ်မဲ   ဩဂုတ်   ၁၃

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအဖြစ် ဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချသည့် အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးခြင်းကို ဩဂုတ် ၁ ရက်က မြို့နယ်စည်ပင်နှင့် မြို့နယ်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းစစ်ဆေးခဲ့သည်။ (မြို့နယ်စည်ပင်)

အရိုးရောဂါပညာအဖွဲ့ သင်တန်းပို့ချမည်

ရန်ကုန်   ဩဂုတ်   ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့မှ Basic Refresher Course for GPs သင်တန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ) ၌ ဩဂုတ် ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါသင်တန်းတွင် ပါမောက္ခ ဦးသစ်လွင်၊ ပါမောက္ခ ဦးမြင့်သောင်းနှင့် ပါမောက္ခ ဦးဇော်ဝေစိုးတို့က "Quality Trauma Care" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချမည်ဖြစ်သည်။

အဆိုပါ သင်တန်းတက်ရောက်လိုသူများသည် ဆေးတက္ကသိုလ်(၁) အရိုးရောဂါပညာဌာန ကြည့်မြင်တိုင် အရိုးရောဂါအထူးကုဆေးရုံကြီး ရန်ကုန်မြို့သို့လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) အရိုးရောဂါပညာဌာန မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး ရန်ကုန်မြို့သို့လည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ရန်ကုန်မြို့သို့လည်းကောင်း ရုံးချိန်အတွင်း မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။ (ကြေးမုံ)

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသားဟောင်းများ အငွေ့မအကြိမ် စုပေါင်းလှူဒါန်းမည်

ရန်ကုန်   ဩဂုတ်   ၁၃

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငွေ့မအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာတောင်တော်ဦး ကျောင်းတိုက် ရွှေမန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာဦးကျော်ဘုန်းလင်း ဖုန်း-၂၀၃၃၀၃၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၃၈၅၄၅၈၊ ဦးကျော် ဖုန်း-၅၇၇၉၄၉၊ ဦးမြင့်လွင်ခိုင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးမောင်မောင်ဦး(ဟိန်းလတ်) ဖုန်း-၀၉-၅၅၀၁၇၂၄၊ ဒေါ်ကေသီခိုင် ဖုန်း-၂၉၄၃၆၄ နှင့် ဦးသိန်းထွန်း ဖုန်း-၀၉-၉၉၇၁၈၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ရွှေဆံတော်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေး ဟောပြောပွဲနှင့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးပွဲကို ဩဂုတ် ၁၂ ရက်က ကျင်းပရာ ရွှေဆံတော် (၁)လမ်းနေ အလှူရှင် ဦးဘချစ်-ဒေါ်တင်သန်း မိသားစုက ကြက်သားဆန်ပြုတ်တိုက်ကျွေးရာ ကျောင်းကျန်းမာရေး ဆရာဝန်ဒေါက်တာကြော့ခင်ခင်၊ ဒေါက်တာကျင်အုန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးလှဦးတို့ ကြည့်ရှုအားပေးကြစဉ်။ (ကြေးမုံ)

ဝါခေါင်လမြတ် မေတ္တာစာတတ် လွှမ်းပတ်ကမ္ဘာတည်ပါစေ

ပန်းတောင်းသန်းကြွယ်

ဝါခေါင်လသည် မြန်မာလများ၏ ငါးလမြောက်ဖြစ်သည်။ မိုးဥတုတွင် ပါဝင်ပြီး မိုးများသောကာလဖြစ်သည်။ ဝါဆိုဝါခေါင်ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်ဟူသော ဆရာမင်းသုဝဏ်၏ ကဗျာကဲ့သို့ပင် မြစ်များ၊ ချောင်းများ ရေပြည့်ရေလျှံသောကာလဖြစ်သည်။ ချောင်းရေကလျှံ၊ ကန်ရေကတိုးရအောင် မိုးများလှသည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဟု ဆိုကြသည်။

မြန်မာမှုအရ ဝါခေါင်လကို သိဟ်ရာသီဟုခေါ်သည်။ စန်းပြည့်နက္ခတ်မှာ သရဝဏ်နက္ခတ်ဖြစ်သည်။ ဗျိုင်းတာရာနှင့်ယှဉ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်သည်။ ငါးလမြောက်ဖြစ်၍ ရက်မစုံသောလဖြစ်သည်။ ရာသီပန်းမှာ ခတ္တာပန်း ဖြစ်ပြီး ရာသီပွဲတော်မှာ 'စာရေးတံမဲပွဲ' ဖြစ်သည်။

ဝါခေါင်လတွင် အညာဒေသ၌ ထနောင်းပင်၊ ကြောင်ကျစ်ပင်၊ ဆူးရစ်ပင်တို့ ပွင့်ကြသည်။ မိုးမှာမူ သဲသဲမဲမဲ ရွာလေ့မရှိတတ်ပေ။ ရှေးတောင်သူကြီးများက "ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း" ဟု မိုးလက်ာဆိုခဲ့ကြသည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌မူ မိုးများစွာ ရွာသွန်းလေ့ရှိသည်။ မဟာအတုလမင်းကြီး၏ ဝါခေါင်လဘွဲ့ လွမ်းချင်းတွင် "ဒေဝရိန်ပဇ္ဇုန်မှုုးငယ်က မြူးလှတယ်လေး" ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။

ဆရာကြီး ဦးပြုံးချို၏ ဝါခေါင်လဘွဲ့ လေးဆစ်သဖြန့်တွင် "လဆန်းရယ်တဲ့ ငွေဘုံဆောင်၊ ပြည့်ရွှန်းကြယ် သရဝဏ်နှင့်၊ နယ်တစ်ဝန်းရှစ်ခွင်တိုင်းမှာ၊ မိုင်းရီလို့မှောင်၊ ငွေတာရာ ကြယ်သိန္ဒဝငယ်တို့၊ ဝေဟာမှာ အရှိန်ပြပါတဲ့၊ ချိန်ခါသမယလဝါခေါင်မှာ၊ ငွေတောင်ပြည့်လွှမ်း၊ ခတ္တာငုံ ချပ်လွှာမှုံ တစ်ကြုုကြုနဲ့၊ ပြည်နိဗ္ဗူပတ္တနာသန်လို့၊ စာရေးတံ လှုုတော်ပွဲကို၊ နွဲပျော်ဖို့လှမ်း" ဟူ၍ တွေ့ရသည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်အခါ သံဃာအများနှင့် စပ်ဆိုင်သော ဆွမ်းအလှုုကိစ္စ၊ ဝိနည်းကိစ္စတို့တွင် ပြဋ္ဌာန်းဆုံးဖြတ်ရာ၌ အမှုကို ပြီးစီးလွယ်စေသော ငှာ စာအက္ခရာ အမှတ်အသားပါသော ဝါးခြမ်းတံကို မဲနှိုက်စေ၍ ဆုံးဖြတ်စေသည်။ ယင်းဝါးခြမ်းတံကို စာရေးတံဟု ခေါ်သည်။ ပုံစံအားဖြင့် သံဃာတော်များကို ဒါယကာ၊ ဒါယိကာမများက ဆွမ်းပင့်ဖိတ်သောအခါ မည်သည့်ဒါယကာ၊ ဒါယိကာမသည် မည်သည့်သံဃာအား ဆွမ်းကျွေးစေဟူ၍ ဆုံးဖြတ်ရန် မရကောင်းသောအခါ၌ စာရေးတံဟုခေါ်သော ဝါးခြမ်းတံဝယ် သံဃာအရေအတွက်ကို အမှတ်အသားပြု၍ ကံအလျောက် ဆွမ်းကပ်နိုင်ကြစေရန် အိမ်စဉ်အလိုက် မဲနှိုက်စေ၍ "သလာကဘတ်" စာရေးတံဆွမ်းအလှုုကို လှုုဒါန်းစေခြင်းပင်ဖြစ်သည်။ စာရေးတံမဲအလှုုသည် ဆွမ်းကိုသာမက ရဟန်းအသုံးအဆောင်များဖြစ်သော ထီး၊ ဖိနပ်၊ သင်္ကန်း စသည်တို့ကိုပါ မဲချလှုုဒါန်းခြင်းမျိုးဖြစ်၍ အလှုုရှင်တို့က နှစ်သက်မြတ်နိုးကြသည်။

လမြတ်ဝါခေါင်တွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော "မေတ္တာအခါတော်နေ့" ပါဝင်နေသည်။ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းတရားကို ယူ၍ ဟိမဝန္တာနှင့် စပ်လျက်ရှိသော တောအုပ်ကြီးအတွင်းသို့ ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရားအားထုတ်နေကြလေသည်။ မိမိတို့ သစ်ပင်အောက်သို့ ရဟန်းများ ရောက်လာသဖြင့် ရဟန်းတို့၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးခဲ့ရသော နတ်များသည် အမျိုးမျိုးခြောက်လှန့်၍ ရဟန်းများ မနေနိုင်အောင် အနှောင့်အယှက်ပြုကြသည်။

ရဟန်းများ စိတ်ချောက်ချားကာ ရောဂါများရကြပြီး ဝါတွင်းကြီးမှာပင် ဘုရားထံ ပြန်ကြရသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ရဟန်းငါးရာတို့အား မေတ္တသုတ်တရားတော်ကို ဟောဖော်ညွှန်ပြ၍ ထိုတောအုပ်သို့ ပြန်သွားပြီး မေတ္တာဘာဝနာကိုပါ ပွားများကြရန် မိန့်တော်မူသည်။ ရဟန်းများ တောအုပ်သို့ ပြန်သွားပြီး မေတ္တာဘာဝနာများ ပွားများကြလေသည်။ ထိုအခါတွင် နတ်များသည် မေတ္တာဓာတ်ကြောင့် ရန်မပြုကြတော့ဘဲ ရဟန်းများကို ပြုစုစောင့်ရှောက်ဖော်ပင် ရလာသည်။ ရဟန်းများ ဝိပဿနာဘာဝနာပွားများအားထုတ်ခြင်းကို ချမ်းသာစွာပြုလုပ်လာနိုင်သဖြင့် မကြာမီလေးမင်လေး ဖိုလ်ရပြီး ရဟန္တာများ ဖြစ်သွားကြလေသည်။ နှောင်းလူတို့က ထိုမေတ္တသုတ်ကို ဟောတော်မူသော ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့" အဖြစ် သတ်မှတ်ကာ ကောင်းမှုကုသိုလ်များ ပြုလုပ်၍ မေတ္တာဘာဝနာများ ပွားများကြလေသည်။

မေတ္တာဟူသည် သန့်စင်အေးမြလှ၏။ သူတစ်ပါး၏ ကောင်းကျိုးစီးပွားကို လိုလား၏။ အငြိုးအာဃာတကို ပယ်ဖျောက်တတ်၏။ သူတစ်ပါးကောင်းကျိုးကို ဆောင်ရွက်ပေးတတ်သော သဘောရှိလေသည်။ မေတ္တာဟူသည် အစိုဓာတ်၊ အစေးဓာတ်၊ အအေးဓာတ်ရှိသည်။ တစ်ဦးနှင့်တစ်ဦး အစေးမကူးခြင်း၊ အစေးမကပ်ခြင်းမှာ မေတ္တာမထားနိုင်ခြင်း၊ မေတ္တာပြယ်နေခြင်းကြောင့် ဖြစ်လေသည်။

အရာရာကို အောင်နိုင်ဖို့၊ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ စည်းလုံးရန်လိုအပ်လေသည်။ မိသားစု၊ ညီအစ်ကိုမောင်နှမ၊ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်၊ နိုင်ငံအတွင်းတွင် အားလုံးသည် စည်းစည်းလုံးလုံးရှိဖို့ လိုလေသည်။ စည်းစည်းလုံးလုံးရှိနိုင်ဖို့ အဓိက မောင်းနှင်အားသည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် မေတ္တာထားနိုင်ဖို့လိုအပ်သည်။ သို့မှသာ ဤမြေကမ္ဘာသည် သာယာနေပျော်ဖွယ်ကောင်းသော ကမ္ဘာ့ရွာကြီးဖြစ်လာပေမည်။

မြတ်စွာဘုရားရှင်က မေတ္တသုတ်နိဒါန်းတွင် မေတ္တာဘာဝနာပွားများသူတို့ လိုက်နာပြုကျင့်ထိုက်သော တရားများကို မိန့်မှာတော်မူသည်။ မေတ္တာစွမ်းအားရှိရမည်။ ကာယကံ၊ ဝစီကံ ဖြောင့်မှန်၍ မှန်တာလုပ်၊ ဟုတ်တာပြောရမည်။ စိတ်သဘောထားအထူးဖြောင့်မတ်ရမည်။ ပညာရှိသူတော်ကောင်းစကား နားထောင်ရမည်။ လိုက်နာရမည်။ နူးညံ့သိမ်မွေ့၍ မာန်မာနကင်းရမည်။ ရောင့်ရဲနိုင်ရမည်။ လွယ်ကူစွာ အသက်မွေးရမည်။ အပိုကိစ္စနည်းပါးရမည်။ ငြိမ်သက်သော ဣန္ဒြေရှိပြီး ရင့်ကျက်ရမည်။ ကိုယ်နှုတ်နှလုံး ကြမ်းတမ်းမှုကင်းစေရမည်။ ငါ့ဆွေမျိုး ငါ့မိသားစုဟူသော အစွဲကင်းရမည်။ အချုပ်အားဖြင့် ပညာရှိများ ကဲ့ရဲ့နိုင်သော မကောင်းမှုအသေးအဖွဲ့များကိုပင် ရှောင်ကြဉ်ရမည်ဖြစ်သည်။

ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ မြင်ဖူးမမြင်ဖူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဝေးနေနီးနေ နှစ်ထွေများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ရှည်တိုအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ကြီးငယ်အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဆူကြုံအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေဟူ၍ နှစ်စု သုံးစုခွဲကာ မေတ္တာပို့ရသည်။ တစ်ဖက်သားတို့ ချမ်းသာစေရန်၊ ဒုက္ခမရောက်စေရန် အရင်းခံစေတနာဖြင့် "လူအချင်းချင်း လှည့်စားခြင်း ကင်းရှင်းကြပါစေ၊ လူအချင်းချင်း အထင်သေးခြင်း ကင်းရှင်းကြပါစေ၊ လူအချင်းချင်း နှိပ်စက်ခြင်း ကင်းရှင်းကြပါစေ" ဟူ၍ ဆက်လက်မေတ္တာပို့ရန် ဘုရားရှင်က မိန့်ကြားတော်မူသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် သူ့ကိုဆန့်ကျင်သော မာရ်နတ်၊ အာဠဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ၊ စိဉ္စမာဏ၊ သစ္စကပရဗိုဇ်၊ နန္ဒောပနန္ဒနဂါး၊ ဗကဗြဟ္မာတို့ကို မေတ္တာဖြင့် အောင်မြင်တော်မူခဲ့၏။ အကြမ်းမဖက် မေတ္တာသက်သက်ဖြင့် အောင်ခြင်းရှစ်ပါးကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မေတ္တာလက်နက်ကား တန်ခိုးထက်လှ၏။ မေတ္တာဆောင်လျှင် အောင်မြင်မှုရကြ၏။ မေတ္တာဘာဝနာ ပွားများခြင်းဖြင့် ချမ်းချမ်းသာသာ အိပ်ရ နိုးရ၏။ အိပ်မက်ကောင်းကိုသာ မြင်မက်ရ၏။ လူနတ်တို့ချစ်ခင်ကြ၏။ နတ်များ၏ ကူညီခြင်းကိုခံရမည်။ မီး၊ အဆိပ်၊ ဓားစသည့် အန္တရာယ်မှကင်းဝေး၏။ လျင်မြန်စွာ သမာဓိရ၍ မျက်နှာမှာကြည်လင်လန်းဆန်း နေတတ်၏။ မတွေမဝေ သေဆုံးရ၏။ ဗြဟ္မာ့ပြည်သို့ လာရောက်ရ၏။ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ရန် အထောက်အပံ့ကြီးလည်း ဖြစ်၏။

ထို့ကြောင့် မိမိတို့ရည်မှန်းချက်တစ်ခုခု အောင်မြင်လိုလျှင် မေတ္တာထားပါ၊ မေတ္တာပွားပါ၊ မေတ္တာဖြင့်သာဆောင်ရွက်ပါဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ မေတ္တာအစွမ်း ကမ္ဘာလွှမ်း အေးချမ်းသာယာကြစေသော်။ ။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ဆက်သွယ်ရေးအရာရှိ မစ္စတာ စတိဗ်မာရှယ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ဆက်သွယ်ရေးအရာရှိ မစ္စတာ စတိဗ်မာရှယ်သည် ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် အိုင်အယ်လ်အိုတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲ ဆေးပညာဟောပြောပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲမှ Restoring Health, Reviving Life: FOOD and DRUG ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ Auditorium A ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲတွင် ဆေးတက္ကသိုလ်(မန္တလေး) ဇီဝကမ္မဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအေးအေးသိန်းက Eat to beat obesity ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး မေ့ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာမူမူနိုင်က Total parenteral nutrition ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ဇီဝဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမျိုးဝင်းက Nutraceuticals (Nutrition in the 21st century)ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က Healthy diet ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြမည်ဖြစ်ပြီး သဘာပတိအဖြစ် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များအရေးပေါ် ရန်ပုံငွေအဖွဲ့၏ အမျိုးသား အကြံပေးပညာရှင် ဒေါက်တာဦးလှကြည်က ဆောင်ရွက်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့ရှိ ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)၏ (၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၇ ရက်(စနေနေ့) နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် အောင်မြေရတနာပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ဝက်လက်မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် လှုုဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ရဲမှူးကြီး အေးကို(ငြိမ်း) ဖုန်း-၀၁-၅၀၂၄၄၄၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းဌေး ဖုန်း-၀၁-၆၄၀၅၆၈၊ ဒုတိယဥက္ကဋ္ဌ-၂ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၇၃၀၉၆၁၀၅၊ အတွင်းရေးမှူး ဦးကျော်ဇော ဖုန်း-၀၉-၇၃၁၆၃၆၆၄ နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်ဌေးမြင့် ဖုန်း-၀၁-၅၁၀၇၃၈ တို့သို့ ကြိုတင်ပေးပို့လှုုဒါန်းနိုင်သည်။ (ကြေးမုံ)

ဩဂုတ် ၁၂ ရက်က ဒဂုံမြို့နယ် အထက(၂) မြို့မကျောင်း၌ ကျင်းပသော ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပိတ်ပွဲအခမ်းအနားတွင် အထက်တန်းပြ(ငြိမ်း) ဆရာမ ဒေါ်တင်တင်အုန်း အသိပညာပေး ဟောပြောစဉ်။ (ကြေးမုံ)

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှုုပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ ပထမအကြိမ် စုပေါင်းလှုုဒါန်းပွဲကို ဩဂုတ် ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် သုဂတောဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အင်္ဂပူမြို့နယ်ဇာတိဖွားဆရာတော်ကြီးများ ဆက်သွယ်ကြပါရန်နှင့် အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် စုပေါင်းလှုုဒါန်းလိုသူများသည် ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ ဦးမြင့်သိန်း ဖုန်း-၀၁-၅၀၃၈၄၁၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးသောင်းတင် ဖုန်း-၀၉-၇၃၀၁၁၂၈၀၊ ဦးကျန့်ဟင်း ဖုန်း-၀၉-၅၀၆၁၃၉၇ နှင့် အသင်းရုံး ဖုန်း-၀၁-၆၅၆၂၀၇ တို့သို့ ဆက်သွယ်လှုုဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ရုရှားသံအမတ်ကြီး လာရောက်တွေ့ဆုံ ဆက်သွယ်မှုလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ညှိနှိုင်း

နေပြည်တော်   ဩဂုတ်   ၁၃

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail MGELADZE သည် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များနှင့်အတူ ဆက်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံမိုဘိုင်းဆက်သွယ်မှုကဏ္ဍတွင် ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail MGELADZE လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ဒဂုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်ပြိုင်ပွဲ ပထမဆုရ မောင်အောင်ကျော်ဇော (ဒုတိယနှစ်၊ သတ္တဗေဒ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် အလှူငွေပေးအပ်ပွဲ တက်ရောက်အားပေး ဒဂုံတက္ကသိုလ် ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲ တက်ရောက်ဆုချီးမြှင့်

ရန်ကုန်   ဩဂုတ်   ၁၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ ကျင်းပသည့် လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်းများသို့ တော်ဝင်မိသားစုကုမ္ပဏီက အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်းများသို့ အလှူငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒဂုံတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဒဂုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကာယဗလမောင်ပြိုင်ပွဲ၊ ကာယအလှမယ် (အငယ်တန်း)နှင့် ကာယအလှမယ်(အကြီးတန်း) နောက်ဆုံးဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ပြိုင်ပွဲအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဧရာဝဏ်ကုမ္ပဏီက အလှူငွေကျပ် ၁၀၈၀၀၀၀ နှင့် သီဂီရွှေရည် ဓာတ်ပုံတိုက်က အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ရာ ဒဂုံတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာလှဋ္ဌေးက လက်ခံသည်။ ထို့နောက် ဆုရ ကာယဗလမောင်များနှင့် ကာယအလှမယ်များအား ဆုများကို ပေးအပ်ချီးမြှင့်ရာ ကာယဗလမောင်ပြိုင်ပွဲ တတိယဆုရ မောင်အောင်အောင်ဦး (ပထမနှစ်၊ ဂုဏ်ထူးတန်း၊ ရူပဗေဒ) နှင့် ဒုတိယဆုရ မောင်ရဲမင်းထွန်း (တတိယနှစ်၊ ဘူမိဗေဒ)တို့အား တိုင်းဒေသကြီး ဝန်ကြီးများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ပထမဆုရ မောင်အောင်ကျော်ဇော (ဒုတိယနှစ်၊ သတ္တဗေဒ)အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာယအလှမယ် (အငယ်တန်း) ပြိုင်ပွဲနှင့် ကာယအလှမယ် (အကြီးတန်း)ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ပါမောက္ခ/ဌာနမှူးများက ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော်   ဩဂုတ်   ၁၃

ချင်းတွင်းမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၂၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၀ စင်တီမီတာ(သုည ဒသမ ၇ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၁၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၉ စင်တီမီတာ(သုည ဒသမ ၆ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ပဲခူးမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၁၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈ စင်တီမီတာ (သုည ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာအောက်သို့ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ (သတင်းစဉ်)

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော်   ဩဂုတ်   ၁၃

ဧရာဝတီမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၂၈၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ကိုရီးယားရုပ်ရှင်ကားတွင် ဟောလိဝုဒ်မင်းသား ဒါမို့မူလ်ရိုနီ ပါဝင်မည်

ကိုရီးယားဒါရိုက်တာ ပှ့ါခ်ချန်ဝုခ်၏ ပထမဆုံး ဟောလိဝုဒ်ရုပ်ရှင်ကားတွင် ဟောလိဝုဒ်မင်းသား ဒါမို့မူလ်ရိုနီ **(ယာပုံ)** ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

မင်းသား ဒါမို့မူလ်ရိုနီသည် ပှ့ါခ်ချန်ဝုခ်၏ ပထမဆုံး ဟောလိဝုဒ်ရုပ်ရှင်ကားဖြစ်သည့် The Stoker ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သကဲ့သို့ ယခင်ကလည်း အော်စကာဆုအမည် စာရင်းတင်သွင်းခံရသည့် ဂျက်ကီဝီဗာနှင့် အင်္ဂလိပ်မင်းသား မက်သရူးဂူဒီတို့လည်း ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ပှ့ါခ်ချန်ဝုခ်၏ The Stoker ရုပ်ရှင်ကားတွင် မင်းသမီး မီယာဝါဆီကော်ဆကာနှင့် အကယ်ဒမီဆုရှင် နီကိုးလ်ကစ်မန်းတို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

မင်းသားဒါမို့မူလ်ရိုနီသည် ဟောလိဝုဒ်နာမည်ကျော်မင်းသမီးများဖြစ်သည့် ဂျူလီယာရောဘတ်၊ ကင်မရွန်းဒိုင်ယက်ဇ်တို့နှင့် တွဲဖက်၍ My Best Friend's Wedding ဇာတ်ကားအပါအဝင် အချစ်ဟာသရုပ်ရှင်ဇာတ်ကား အများအပြားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ထို့ပြင် Longtime Companion ဇာတ်ကားနှင့် The Family Stone ဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သည်။

မင်းသားဒါမို့မူလ်ရိုနီသည် ၂၀၁၀ ခုနှစ်က Love,Wedding,Marriage ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သကဲ့သို့ The Family Tree ၊ Abduction နှင့် J.Edgar ဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။ ***အင်တာနက်။***

အဝေမ်းစုံ

ပြည်သူ့ထံမှ ပေးစာများ

ကန်ပေါင်ပေါ်ကျူးကျော် သန့်ရှင်းမှု ထိခိုက်

စာတည်းရှင့် -

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၂) ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် (၁၀)လမ်းထောင့်တွင် ရှေးဟောင်းကမာကလုံရေကန်ရှိပါသည်။ ကန်အတွင်း ရေလယ်၌ ကျောင်းဆောင်တော်နှင့် လျှောက်လမ်းရှိပြီး နေ့စဉ် တရားထိုင်သူများရှိနေပါသည်။ သို့သော် ကန်၏ ဘုရင့်နောင်လမ်းဘက် ကန်ပေါင်ပေါ်တွင် ကျူးကျော်ဆိုင်များရှိပြီး အချို့က ကန်ပေါင်ပေါ်၌ အိမ်သာဝင်ဆောက်ထားသူပင် ရှိနေပါသည်။ သို့ဖြစ်ပါ၍ သန့်ရှင်းသာယာရေးအတွက် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

တိုက်လှေကားဈေးဆိုင်ဖွင့် အတက်အဆင်းခက်

စာတည်းခင်ဗျား -

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ရွှေတောင်တန်းလမ်းထောင့် တိုက်လှေကားတွင် ဈေးဆိုင်ဖွင့်၍ ရောင်းချလျက်ရှိရာ တက်၍ဆင်း၍ မရအောင် ပစ္စည်းများ၊ ဈေးဝယ်သူများဖြင့် ပိတ်ဆို့နေပါ၍ လှေကားတက်ဆင်းသူများ အခက်အခဲတွေ့ကြုံနေရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အဆင်းအတက်ခက်ခဲသူများ

ကြက်၊ ဝက် မွေးမြူမှု ကျန်းမာရေးထိခိုက် ဆောင်ရွက်ပြီးစီး

၁၅-၆-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေ အောက်ကျင်းရပ်ကွက် အပိုင်း(၉)အတွင်းရှိ ကြက်၊ ဝက်များ မွေးမြူထားမှုများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်မှု နေ့စဉ်နှင့်အမျှခံစားနေရပါကြောင်း ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

လမ်းပိတ်ဆို့နေသော အမှိုက်အကာများ ဖယ်ရှားရှင်းလင်းပြီး

၃-၈-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာ ပြည်သူ့ထံမှပေးစာများကဏ္ဍတွင် ညောင်လေးပင်မြို့ ဈေးဆိုင်အမိုးအကာများကြောင့် လမ်းပိတ်ဆို့ ပေးစာနှင့် ပတ်သက်ပြီး မြန်မာ့မီးရထားနှင့် ပူးပေါင်း၍ အမိုးအကာများအား ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

သရက်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

နေပြည်တော်   ဩဂုတ်   ၁၃

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဇက်ဆိပ်၌ ကျင်းပရာ သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြအေး၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးမှန်နှင့် ငါးသန်ကောင်ရေ စုစုပေါင်း ၁၅၃ သိန်းကျော် ငါးမျိုးစိုက်ထည့်ခဲ့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဝေယံသာသနာ့ဗိမာန်တော် ဆောက်လုပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၃

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ စစ်ကုန်းကျောင်းတိုက်၌ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာ များကို လျှောက်ထားသည်။

ထိုမှတစ်ဆင့် သုံးခွမြို့ မြို့မရေလည်ကျောင်းတိုက်၌ ပဓာန နာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒာလင်္ကာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်လျက်ရှိသည့် သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဝေယံသာသနာ့ဗိမာန်တော် ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဝေယံသာသနာ့ဗိမာန်တော် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မြင်းမူမြို့ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန် နှစ်ထပ်ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြင်းမူမြို့ ပညာဗိမာန် ကျောင်းဆောင်သစ်ဖွင့်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် မြင်းမူမြို့ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန် နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးပညာရေးမှူး ဦးမြင့်စိုးနှင့် အလှူရှင် ဦးအောင်စိုးလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်နှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ် လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ပြီး အလှူရှင် ဦးအောင်စိုးလွင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြင်းမူဘိုးဘွားရိပ်သာသို့ ရောက်ရှိကာ အဘိုးအဘွားများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး မြင်းမူမြို့နယ် ပဲကူရေကန် ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြောင်မြို့နယ် ကျောက်နဂါးတောင် စိမ်းလန်းစိုပြည်မှုနှင့် ကျောက်နဂါးရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ရွှေပန်းကျွန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် ချောင်းဦးမြို့နယ် သုံးပန်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ မြစ်ရေတင်မှုနှင့် ရေပေးဝေမှု၊ မုံရွာမြို့ ချင်းတွင်းမြစ်ရေ အခြေအနေနှင့် အိုးဘိုတောင် ၁၀ ပေါက်တွဲ ရေတံခါးတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ကလော/အေးသာယာစက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်မည်

နေပြည်တော် ဩဂုတ် ၁၃

ကလော/အေးသာယာစက်မှုလက်မှုသိပ္ပံကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကလောမြို့၌ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဂေါက်သီးရိုက်ပြိုင်ပွဲ(ကလောဂေါက်ကလပ်)၊ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက်တွင် အရုဏ်ဆွမ်းကပ်လှူပွဲ၊ နံနက် ၉ နာရီတွင် အာစရိယပူဇော်ပွဲ(မြို့မကျောင်း)နှင့် ၁၇ ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ဟိုပုန်း မေတ္တာခမ်းတန် လိုဏ်ဂူတော်ခရီးစဉ် ရှိမည်ဖြစ်သည်။

သို့ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးထွန်းလွင် (ရန်ကုန်) ဖုန်း-၀၉-၅၀၁၂၀၄၁၊ ဦးထွန်းအောင်(မန္တလေး) ဖုန်း-၀၂-၆၃၀၁၆၊ ဦးယဉ်ထွေးမင်း (နေပြည်တော်) ဖုန်း-၀၉-၄၃၁၁၃၆၉၂၊ ဦးစိုင်းဝဏ္ဏညို (တောင်ကြီး/ကလော)ဖုန်း-၀၉-၄၉၂၉၃၁၉၈၊ (မိတ္ထီလာ) ဦးခင်မောင်ဦး ဖုန်း-၀၉-၂၁၆၅၀၁၆၊ (မုံရွာ) ဦးမောင်ကျော် ဖုန်း-၀၉-၅၁၃၆၅၀၆၊ (ပြင်ဦးလွင်) ဦးကျော်ညွန့် ဖုန်း-၀၉-၅၀၇၃၉၃၀၊ (လားရှိုး)ဒေါ်နန်းလောင်ခမ်း ဖုန်း-၀၉-၆၇၀၀၁၃၃နှင့်(မကွေး) ဦးစိန်ဝင်းဖေ ဖုန်း-၀၉-၅၃၄၁၄၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်နေ ဦးဇော်လင်းအောင်-ဒေါ်မိမိလှိုင်၊ သား မောင်မြတ်မင်းခန့်၊ မောင်ထူးနေလင်း မိသားစုက ထာဝရ ဆေးပဒေသာပင်နှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၁၃

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။	၁၀၀%
၂	ကယားပြည်နယ်	၂၇	၂၀	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။	၁၀၀%
၃	ကရင်ပြည်နယ်	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။	၁၀၀%
၄	ချင်းပြည်နယ်	၁၉	၁၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၁	မွန်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၈	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၅	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၃	မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။	၈၀%

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ပျဉ်းမနား)တွင် ၁ ဒသမ ၁၈ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၁ ဒသမ ၀၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၀၈ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၈၄ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၄၇ လက်မနှင့် အမ်းမြို့တွင် ၂ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မကွေးမြို့ အောင်မေတ္တာရပ်ကွက် အဝေရာလမ်းခင်းရန် မြေထိုးစက်ဖြင့် မြေပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၆ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့ဝင်ဆိုင်းဘုတ်ဝန်းကျင် ပန်းအလှပင်များ စိုက်ပျိုး

ဟားခါး ဩဂုတ် ၁၃

ဟားခါးမြို့ မြို့ဝင်ဆိုင်းဘုတ် ဘေးဝန်းကျင် သန့်ရှင်းရေးနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဩဂုတ် ၉ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ကျိန်ရှင်းနဲမ်း ဦးဆောင်၍ ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးတမ်အောင်(လက်ထောက်ညွှန်မှူး)က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

✤ **လုပ်ငန်းတာဝန်မှ**

အာဏာများကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ တရားမမှုလမှု စီရင်ပိုင်ခွင့်အာဏာများ တိုးမြှင့်အပ်နှင်းပေးခြင်းဖြင့် တရားမမှုများ စစ်ဆေးရာတွင် တရားရုံး အဆင့်ဆင့်သည် စီရင်ပိုင်ခွင့်အာဏာများကို ခွဲဝေသုံးစွဲခွင့်ရရှိသဖြင့် တရားမမှုများ စစ်ဆေးပြီးပြတ်မှု သွက်လက်မြန်ဆန်လာမည် ဖြစ်ကြောင်း၊ တရားသူကြီးများ အနေဖြင့်လည်း ပြည့်စုံမှန်ကန်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊ တိကျမှန်ကန်စွာ ဆင်ခြင်သုံးသပ်ပြီး ဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်း ရှိရန်လည်း လိုအပ်ကြောင်း။

ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရမည်ဟူသော မူတစ်ရပ်လည်းရှိကြောင်း၊ ဤသည်မှာ တရားသူကြီးတစ်ဦးသည် အဂတိကင်းစွာ ဘက်မလိုက်ဘဲ ဥပဒေနှင့်အညီစီရင်ရန် တာဝန်ပေးခြင်းဖြစ်ကြောင်း၊ တရားစွဲဆိုခံရသူကို ခုခံချေပခွင့်ပေးပြီး တရားရုံးက အရှုံးပေးလျှင်၊ အပြစ်ပေးလျှင် အယူခံဝင်ခွင့်ရှိကြောင်း၊ ထို့ပြင် အမှန်တရားထွန်းကားရေးသည် ပြည်သူတိုင်း၏ အရေးကိစ္စလည်း ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ရည်မှန်းထားသော တရားစီရင်ရေးမဏ္ဍိုင်ကြီး ဖြောင့်မတ်မှန်ကန်စွာ ရပ်တည်ရေးအတွက် အကျင့်သိက္ခာ၊ သီလ၊ သမာဓိနှင့် ပြည့်စုံသော တရားသူကြီးကောင်းများဖြစ်အောင် ကြိုးစားကြရန်၊ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းစွာ ပြည်သူက ယုံကြည်လေးစားလောက်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်သူများ ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

မျိုးစေ့များ မပျက်စီးစေရန်နှင့် မိုးရေတွင် မျောပါမသွားစေရန် မြေဆွေးဖုံး ဆောင်ရွက်ထားစဉ်။

✳ **နေပြည်တော်အထူးအထွက်တိုးမှ**

လက်ထောက်မန်နေဂျာ ဒေါ်ခင်စန်းတင့်အား သိရှိလိုသည်များကို အောက်ပါအတိုင်း မေးမြန်းခဲ့ပါသည်။

မေး။ *လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ချက်များကို သိပါရစေ။*

ဖြေ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ကြီး (၅) ရပ်ကို ဖိဖိစီးစီး ဆောင်ရွက်နေပါတယ်။ အဲဒါတွေကတော့ အထွက်ကောင်းမျိုးကောင်းမျိုးသန့်များကို အသုံးပြုစေခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အသုံးပြုစေခြင်း၊ စိုက်ပျိုးရေအပါအဝင် သွင်းအားစုများဖြစ်တဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာနဲ့ ပိုးသတ်ဆေးများကိုလည်း အချိန်ကိုက်၊ အချိုးကျ အသုံးပြုစေခြင်း၊ မျိုးစေ့သွင်းအားစုအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ အလေလွင့်ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်စေခြင်း၊ ဒါ့အပြင် ထွက်ရှိလာမယ့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါတယ်။ အခုဆိုရင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်ကိုလည်း အကောင် အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

မေး။ *သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်နဲ့စပ်လျဉ်းပြီး သိပါရစေ ခင်ဗျာ။*

ဖြေ။ နံပါတ်(၁)က ပေါင်စနစ်ဖြင့် ပျိုးထောင်ရပါမယ်။ တစ်ဧကစာအတွက်(၃ ပေ× ၁၂၀ ပေ× ၄ လက်မ) ပျိုးပေါင်ခုနစ်ပေါင်လိုအပ်ပါမယ်။ ပေါင်စနစ်နဲ့ ပျိုးထောင်ခြင်းအားဖြင့် မျိုးစေ့အပင်ပေါက်သေချာစေခြင်း၊ ပေါက်လာသော အပင် ကျန်းမာသန်စွမ်းစေခြင်းနဲ့ ပျိုးပင်ဘဝမှာ ကြီးထွားမှုအားကောင်းစေပါတယ်။ မျိုးစေ့ တစ်ဘူးလျှင် ၇၅၀၀၊ ၁၀ ဘူးဆိုရင် ၇၅၀၀၀၊ ဘူး ၂၀ ဆိုရင် ၁၅၀၀၀၀ ရှိပြီးဖြစ်လို့ တစ်ဧက ပျိုးပင် ၁၂၀၀၀၀-၁၅၀၀၀၀ ရှိရမှာဖြစ်တဲ့အတွက် တစ်ဧကမျိုးစေ့ နှစ်ဆ အသုံးပြုမယ်ဆိုရင်တောင် နို့ဆီဘူး ၄၀ မျိုးစေ့ ငါးပြည်သာကုန်မှာ ဖြစ်ပါတယ်။ မိရိုးဖလာနည်း ပျိုးထောင်စိုက်ပျိုးမယ်ဆိုပါက မျိုးစေ့ နှစ်တင်း၊ သုံးတင်း အသုံးပြုကြရာ ပေါင်စနစ်နဲ့ စိုက်ပျိုးခြင်းအားဖြင့် တစ်ဧက စပါးမျိုး ၂၇ ပြည် သက်သာမယ်။ တစ်တင်းခွဲခန့် သက်သာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စပါးစိုက်ဧက စုစုပေါင်း သန်း ၂၀ ဖြစ်လို့

သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်နှင့်အညီ ပျိုးခင်းကို စနစ်တကျ ပြုစုပေးစဉ်။

စုစုပေါင်း စပါးတင်း သန်းပေါင်း ၃၀ ခန့် ပိုလျှံလာပြီး လူဦးရေ နှစ်သန်းခန့် စားနပ်ရိက္ခာ ဖူလုံလာမှာလည်း ဖြစ်ပါတယ်။ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် လုပ်သားတွေ၊ မြေမဲ့ယာမဲ့သမားတွေ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမှာ ဖြစ်ပါတယ်။

နံပါတ်(၂)က မျိုးစေ့များ ပူးကပ်ခြင်းမရှိအောင် ပျိုးကြဲရပါမယ်။ မျိုးညှောင့်ဖောက်ပြီး မျိုးစေ့ ငါးပြည် အသုံးပြုရပါမယ်။ မျိုးစေ့များတစ်စေ့နှင့် တစ်စေ့ ပူးကပ်ခြင်းမရှိအောင် သတိပြုရပါမယ်။ မိရိုးဖလာနည်းအဖြစ် ပျိုးထောင်မယ်ဆိုပါက မျိုးစေ့များ ပူးကပ်၍ ကျန်းမာသန်စွမ်းသော ပျိုးပင်များ မရရှိတဲ့အပြင် မျိုးကုန်ကျမှုလည်း များပြားပါတယ်။ ပေါင်စနစ်နဲ့ ပျိုးထောင်ခြင်း နည်းစနစ်ကို ဧရိယာဧကများများ စိုက်တဲ့ တောင်သူတွေမှာ ဆိုရင် မျိုးစေ့ အသုံးပြုမှု ကုန်ကျစရိတ် သိသိသာသာ သက်သာသွားတာကို တွေ့ရမှာဖြစ်ပါတယ်။

နံပါတ်(၃) က မျိုးစေ့များ မပျက်စီးစေရန်နဲ့ မိုးရေနဲ့မျောပါမသွားစေဖို့ မြေဆွေးဖုံး ရပါတယ်။ ပျိုးပေါင်မှာ အညှောင့်ဖောက်ပြီးသား မျိုးစေ့ချပြီး တာနဲ့ အပေါ်ယံကို ဖွဲပြာနှင့် နွားချေးမှုန့်ရောပြီး ပါးပါး(သို့မဟုတ်) တမန်းပျစ်ရေနဲ့ ဖုံးအုပ်ပေးရမှာဖြစ်ပါတယ်။ ဒီလို ဖုံးအုပ်ပေးခြင်းအားဖြင့် မျိုးစေ့ကို ကြွက်၊ ငှက်၊ ခရုအန္တရာယ်က ကာကွယ်နိုင်တဲ့အတွက် မျိုးစေ့ဆုံးရှုံးမှု၊ ပျိုးပင်မလုံလောက်မှုတွေ မဖြစ်ပေါ်နိုင်ပါ။ မိရိုးဖလာနည်းဖြင့် ကြဲပက်စိုက်ပျိုးပါက မျိုးစေ့များအား ကြွက်၊ ငှက်၊ ခရုတွေ ဖျက်ဆီးခံရလို့ အပင်ပေါက်မစုံခြင်း၊ ကွက်ကျား ဖြစ်နေခြင်းတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိရိုးဖလာနည်းအစား သိပ္ပံနည်းကျ ပျိုးထောင်နည်းစနစ်ကို အစားထိုးကျင့်သုံးသွားဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

အောင်မြင်ဖြစ်ထွန်းနေသည့် စပါးစိုက်ကွင်းကို တွေ့ရစဉ်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါ်ခင်စန်းတင့် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်ကို ရှင်းလင်းပြောကြားစဉ်။

နံပါတ်(၄)က ပျိုးခင်းကို စနစ်တကျပြုစုပေးရပါမယ်။ ပျိုးပေါင်မှာ ရေမပြတ်ပါးပါးသွင်းပေးခြင်းအားဖြင့် ပျိုးပင်အမြစ်တွေဟာ နေရောင်ခြည်စွမ်းအင်ရရှိပြီး အမြစ်များ ပိုမိုသန်စွမ်းကာ ပျိုးပင်ပါး၊ ပျိုးပင်အလှီ တွေမဖြစ်စေဘဲ ကျန်းမာသန်စွမ်းပြီး အပင်ပွားများတဲ့ ပျိုးပင်တွေကို ရရှိစေနိုင်တဲ့အတွက်ကြောင့် ပျိုးခင်းမှာ ရေမပြတ်ပါးပါးထိန်းသိမ်းမှုဟာလည်း လွန်စွာမှအရေးကြီးလှပါတယ်။ မိရိုးဖလာနည်းနဲ့ ပျိုးထောင်ထားသော ပျိုးခင်းများမှာဆိုရင် မျိုးစေ့ကို ခပ်ထူထူနဲ့ ဧရိယာကျယ်ကျယ် ပျိုးတတ်ကြတဲ့အတွက် ရေကိုလိုသလို ထိန်းသိမ်းမှု ခက်ခဲလို့ ရေရတဲ့နေရာက ပျိုးပင်များ ကောင်းမွန်သန်စွမ်းပေမယ့် ရေမရတဲ့နေရာမှာ ပျိုးပင်များ ညှိုးသည်ကို တွေ့မြင်ရပြီး ရေလုံးဝမရှိတဲ့နေရာများမှာ တမန်းသေပြီး ပျိုးပင်တွေ ဝါနေတတ်တယ်။

(ဆက်လက်ဖော်ပြပါမည်။)

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းမှ သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာ ရေစက်နှင့် အင်ဂျင်ကွန်ပရက်ဆာများ ပြုပြင်ပြီးစီးမှုကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

❑ **ကျောဖုံးမှ**

ဖြတ်သန်းကာ တရုတ်နိုင်ငံရှိ ပင်လယ်ဆိပ်ကမ်းတစ်ခုသို့ ချောချောမွေ့မွေ့ ခုတ်မောင်းသွားလာနိုင်ခဲ့သည်။

အရှေ့မြောက်ပိုင်း ပင်လယ်ရေကြောင်းလမ်းဟူ၍လည်း ခေါ်တွင်သော မြောက်ပိုင်းပင်လယ်ရေကြောင်းလမ်းသည် ရုရှားအာတိတ် ပင်လယ်ကမ်းရိုးတန်းဒေသကို ဘယ်ရင်ရေလက်ကြားနှင့် အရှေ့ဖျားဒေသတို့နှင့် ဆက်သွယ်ပေးသည်။

မြောက်ပိုင်း ပင်လယ်ရေကြောင်းလမ်းသည် အာတိတ်ဒေသ၌ လုံးဝတည်ရှိနေပြီး ယင်းရေကြောင်းလမ်း၏ အစိတ်အပိုင်းအချို့မှာ နှစ်စဉ်နှစ်လခန့်သာ ရေခဲကင်းရှင်းသည်။

သို့ရာတွင် ယခုအခါ မြောက်ပိုင်းရေကြောင်းလမ်း၏ ၅၆ ရာခိုင်နှုန်းအထိ ရေခဲကင်းရှင်းသွားရာ ဆောင်းဦးပေါက်ရာသီ အလယ်ပိုင်းကာလအထိ ကုန်သွယ်ရေကြောင်းသင်္ဘောများ ခုတ်မောင်းသွားလာနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

အာတိတ် ပင်လယ်ရေကြောင်းလမ်း ပွင့်လာခြင်းဖြင့် အာရှတိုက်သို့ ပိုမိုတိုတောင်းသောလမ်းမှ ရေနံတင်သင်္ဘောများ ခုတ်မောင်းနိုင်မည်ဖြစ်သည်။

မြောက်ပိုင်း ရေကြောင်းလမ်းပွင့်သွားခြင်းဖြင့် ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ရည်ကို တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ပေးနိုင်မည်ဖြစ်သည်။

ဥရောပနှင့် အာရှတိုက်အကြား ကုန်သင်္ဘောများ ခုတ်မောင်းသွားလာရာ၌ ဆူးအက်တူးမြောင်းကို အသုံးပြုခြင်းမရှိဘဲ အမြန်ဆုံးသွားလာနိုင်ရန် မြောက်ပိုင်းပင်လယ်ရေကြောင်းလမ်းက ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။ *အင်တာနက်။*

ဆုချီးမြှင့်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ အထက်တန်းကျောင်းခွဲတွင် ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကျင်းပရာ ရန်ကုန်မြို့နေ အလှူရှင် ဗိုလ်ကြီးလှဝင်း(ငြိမ်း) ဆုရကျောင်းသူတစ်ဦးအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

မီးသတ်ဦးစီးဌာန ယာဉ်မောင်းသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂၈/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် စာတွေ့ လက်တွေ့များကို သင်ကြားပေးခဲ့ပြီး သင်တန်းကို ဇွန် ၂၀ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ သင်တန်းသား ၄၀ တို့ဖြင့် ဖွင့်လှစ်သင်ကြားခဲ့သည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ရတနာပုံကို ရန်ကုန်ယူနိုက်တက် ထပ်မံအနိုင်ယူ ဇေယျာရွှေမြေနှင့် ကမ္ဘောဇတို့ အိမ်ကွင်းတွင် နိုင်ပွဲများရ

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရိုင်းထက်ဇော်

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ စစ်တုရင် တစ်ဦးချင်းပြိုင်ပွဲ ပထမအဆင့်ပြိုင်ပွဲ၌ ဝင်းဇော်ထွန်းနှင့် ဦးထွန်းအောင်တို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၃

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၄)ကို ယမန်နေ့နှင့် ယနေ့ ညနေပိုင်းက ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း၊ ဇေယျာရွှေမြေအသင်းနှင့် ကမ္ဘောဇအသင်းတို့ နိုင်ပွဲများ အသီးသီးရရှိသွားသည်။

သုဝဏ္ဏကွင်း

ရန်ကုန်ယူနိုက်တက်	-	**နှစ်ဂိုး**
	(ချာလက်စ်အိုဘီနှင့် ကြည်လင်း)	
ရတနာပုံ	-	**တစ်ဂိုး**
	(ကိုနေး)	

မုံရွာကွင်း

ဇေယျာရွှေမြေ	-	**သုံးဂိုး**
	ဒါဆေးလ်ဗား၊ ဘော့စကိုနှင့် ဂျီလစ်	
ရက္ခပူရယူနိုက်တက်	-	**နှစ်ဂိုး**
	စတန်လေနှင့် ထွန်းထွန်းဦး	

KBZ ကွင်း

ကမ္ဘောဇ	-	**လေးဂိုး**
	မိုင်းအိုက်နိုင် သုံးဂိုး၊ ခိုင်ဇော်ထွန်း	
ဇွဲကပင်ယူနိုက်တက်	-	**တစ်ဂိုး**
	လီအန်ဒရို	

၁၂-၈-၂၀၁၁

အောင်ဆန်းကွင်း

ဥဿာယူနိုက်တက်	-	**ဂိုးမရှိ**
မနော်မြေ	-	**ဂိုးမရှိ**

ရန်ကုန်ယူနိုက်တက်မှ ရာဇာဝင်းသိန်းနှင့် ရတနာပုံမှ ဘမ်ဘူးတို့ အကြိတ်အနယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

Southern Myanmar	-	**ရောဝတီယူနိုက်တက်**

မြန်မာ့ရိုးရာစစ်တုရင်တစ်ဦးချင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် အမှုဆောင်များ၊ မြန်မာ့စစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာ့စစ်တုရင် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ ပထမအဆင့်ပြိုင်ပွဲ ပြီးစီးသွားရာ ကွာတားဖိုင်နယ်ပြိုင်ပွဲများကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ယင်းအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပထမကွာတားဖိုင်နယ်ပြိုင်ပွဲတွင် ဝင်းဇော်ထွန်းနှင့် ဇော်ဝင်းလေး၊ ဒုတိယ ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် ဦးထွန်းအောင်နှင့် အောင်မျိုးလှိုင်၊ တတိယ ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် မောင်မောင်လတ်နှင့် ငြိမ်းချမ်း၊ စတုတ္ထ ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် မြင့်ဟန်နှင့် တင်မောင်လွင်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု (ယယ)

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	-	**နှစ်ဂိုး**
	(ဝေလင်းနိုင်)	
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	-	**တစ်ဂိုး**
	(အောင်ပြည့်ဖြိုး)	

ဒိုင်လူကြီး ဦးထွန်းကြည် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအာကစားကွင်း အုပ်စု(ယယ)

သတ္တုတွင်းဝန်ကြီးဌာန	-	**သုံးဂိုး**
	(မျိုးသူဝင်း၊ ရဲထူးဇော်၊ ရဲဝင်း)	
ပြည်ထဲရေးဝန်ကြီးဌာန	-	**နှစ်ဂိုး**
	(နိုင်နိုင်အောင်၊ ကျော်မင်းအောင်)	

ဒိုင်လူကြီး ဦးသန်းတင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲများ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ တတိယအဆင့် (ကွာတားဖိုင်နယ်)ရှုံးထွက် ပွဲစဉ်များအဖြင့် နေပြည်တော် အမှတ်(၂)ကွင်းတွင်

၁၅-၈-၂၀၁၁ ရက်တွင် အားကစား နှင့် ဆောက်လုပ်ရေး
၁၆-၈-၂၀၁၁ ရက်တွင် ဟိုတယ်/ခရီး နှင့် လူမှုဝန်ထမ်း
၁၇-၈-၂၀၁၁ ရက်တွင် ဘဏ္ဍာ/အခွန် နှင့် ပို့ဆောင်ရေး
၁၈-၈-၂၀၁၁ ရက်တွင် လယ်ယာ/ဆည်မြောင်း နှင့် သတ္တုတွင်း

တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(၁၀၇)

မြန်မာ - ဂျပန် နိုင်ငံတကာရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ကြီးမှူး၍ H & S Group က စီစဉ်ကျင်းပသည့် မြန်မာ-ဂျပန် နိုင်ငံတကာရိုးရာ လက်ဝှေ့ အထူးစိန်ခေါ်ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာ့ရိုးရာလက်ဝှေ့ အားကစားဝါသနာရှင်များလာရောက်ကြည့်ရှုအားပေးကြသည်။

ပထမနေ့ ပွဲစဉ်များအဖြစ် ပြည်တွင်းလေးချီ အထူးစိန်ခေါ်ပြိုင်ပွဲများတွင် သပြေအောင် (ဘိလပ်မြေစက်ရုံ)နှင့် ကညောဖိုး(ရွှေကုက္ကို)၊ ဖိုးလပြည့် (EVER GREEN) နှင့် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)၊ ဝင်းမောက် (မျိုးဇာနည်)နှင့် သွေးသစ်ဝင်းလှိုင် (မျိုးဆက်သစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပူးတွဲသရေပွဲများအဖြစ်လည်းကောင်း၊ ပြည်တွင်းငါးချီ စိန်ခေါ်ပွဲများတွင် စိန်လင်းအောင်(ရွှေကုက္ကို)နှင့် ရွှေကြည်ဆံ(ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပူးတွဲသရေပွဲအဖြစ်လည်းကောင်း၊ ပဲပြားမောင်မောင်(ဝါဆို)နှင့်ဂေါ်မူတို (T&T)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပဲပြားမောင်မောင်က ဒုတိယအချီ ၂ မိနစ် ၄၇ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ သားသား(T&T)နှင့် ဒေါင်းသည်းချေ(ဝါဆိုကလပ်)တို့ပွဲတွင် ပူးတွဲသရေပွဲအဖြစ်လည်းကောင်း၊ နိုင်ငံတကာ ရိုးရာလက်ဝှေ့ ငါးချီအထူးစိန်ခေါ်ပွဲများတွင် စိုးလင်းဦး(မြန်မာ)နှင့် ရှီနိုဟာရာ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ငါးချီ မြောက် ၁ မိနစ် ၄၄ စက္ကန့်တွင် အမှတ်စဉ်(၄)ကြိမ်တိတိ ရေတွက်ခံရပြီးနောက် စိုးလင်းဦး(မြန်မာ)က အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ချန်ပီယံဆုဖလားကို လည်းကောင်း၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခွန်မြတ်က ဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း စိုးလင်းဦး (မြန်မာ)အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကြယ်လင်းအောင် (မြန်မာ/ တောင်ကလေး)နှင့် ကူရိနိုင်းတိုရှီယာ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပူးတွဲသရေပွဲဖြစ်ပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် ဩဂုတ် ၁၃

ဦးနေမျိုးနိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့) သည် ဩဂုတ် ၁၀ ရက်တွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon No.4 ဂေါက်သီးအား Taylormade Iron No-7 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးတန်အောင်၊ ဦးကျော်မိုးထွန်း၊ ဦးကျော်သူအောင်တို့နှင့်အတူ ကွင်းပတ်ကစားလျက်ရှိသည်။ (သတင်းစဉ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နောက်ဆုံးလူရွေးချယ် စံချိန်ယူပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ နောက်ဆုံး လူရွေးချယ် စံချိန်ယူပြိုင်ပွဲများကို ဩဂုတ် ၃ ရက်၊ ၆ ရက်၊ ၁၀ ရက်နှင့် ၁၃ ရက် တို့တွင် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပခဲ့သည်။

ဩဂုတ် ၁၃ ရက် နောက်ဆုံးနေ့ပြိုင်ပွဲများအဖြစ် အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀၀၊ မီတာ ၁၀၀ နှစ်ခေါက်၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀ ပြိုင်ပွဲများနှင့် အမျိုးသား၊ အမျိုးသမီး လှံတံပစ်၊ သံပြားပစ်နှင့် အလျားပက်လက်ခုန် စံချိန်ယူပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများမှ အမျိုးသား မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ကြည်မင်းစိုးက စံချိန် ၁၅မိနစ် ၁၃ ဒသမ ၂ စက္ကန့်ဖြင့် ပထမ၊ သိန်းလှိုင်ဦးက ဒုတိယ၊ ပက်ထရစ်က တတိယ၊ အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲတွင် နီလာစမ်းက စံချိန် ၁၇ မိနစ်၊ ၂၀ ဒသမ ၆ စက္ကန့်ဖြင့် ပထမ၊ ဖြူဝါသက်က ဒုတိယ၊ ခင်မာဆယ်က တတိယ၊ အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲတွင် ကေခိုင်လွင်က စံချိန် ၂၃ ဒသမ ၈ စက္ကန့်ဖြင့် ပထမ၊ ဆုကြည်အောင်က ဒုတိယ၊ အမျိုးသား မီတာ ၁၀၀ ပြိုင်ပွဲတွင် သက်ဇော်ဝင်းက စံချိန် ၁၀ ဒသမ ၉ စက္ကန့် ဖြင့် ပထမ၊ ချစ်စမ်းမောင်က ဒုတိယနှင့် လင်းဇေယျာနောင်က တတိယ၊ အမျိုးသား မီတာ ၁၅၀၀ ပြိုင်ပွဲတွင် မောင်ချက်က စံချိန် ၃ မိနစ်၊ ၅၈ ဒသမ ၀ စက္ကန့်ဖြင့် ပထမ၊ ဇေယျာဝင်းက ဒုတိယ၊ စိုးနိုင်ဝင်းက တတိယ၊ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ဖြူဝါသက်က စံချိန် ၄ မိနစ် ၄၃ ဒသမ ၀ စက္ကန့်ဖြင့် ပထမ၊ နီလာစမ်းက ဒုတိယနှင့် ခင်မာဆယ်က တတိယ စံချိန်များရရှိခဲ့သည်။

(သတင်းစဉ်)

အာဆင်နယ်အသင်း ဂျိုးကမ်းဘဲလ်အား ခေါ်ယူရန် သဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၁၃

လူငယ်များကိုသာ အဓိကထားခေါ်ယူလျက်ရှိနေသည့် အာဆင်နယ်အသင်းသည် အသက် (၁၉) နှစ်သာ

ရှိသေးသည့် ဒီပို့တီဗိုအသင်းမှ ကော့စတာရီကာ လူငယ်ကစားသမား ဂျိုးကမ်းဘဲလ်**(အောက်ဝဲပုံ)**ကိုခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကော့စတာရီကာ ယူ-၂၀ လက်ရွေးစင်ကစားသမား ဂျိုးကမ်းဘဲလ်သည် ဘယ်တောင်ပံ တိုက်စစ်ကစားသမားတစ်ဦးဖြစ်ကာ နိုင်ငံအသင်းအတွက် ခြောက်ပွဲကစားပေးကာ နှစ်ဂိုးသွင်းယူထားသည်။ ၎င်းသည် နိုင်ငံအသင်းနှင့်အတူ ကွန်ကာကပ်ဖ်ရွှေဖလား၊ ကိုပါအမေရိကဖလားနှင့် လက်ရှိကျင်းပနေသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ခြေစွမ်းပြနိုင်ခဲ့သည်။

အာဆင်နယ်အသင်း မန်နေဂျာ အာစင်ဝင်းဂါးက ဂျိုးကမ်းဘဲလ်သည် အာဆင်နယ်အတွက် အလုပ်လုပ်ပေးရန် အင်္ဂလန်သို့ ရောက်လာတော့မည်ဖြစ်ကြောင်း အသင်းပိုင် ဝက်ဘ်ဆိုဒ်မှ တရားဝင်ပြောကြားသည်။

ESPN

ဟန်သစ်

ပက်ဂျီဆန် အသင်းနှင့်စာချုပ်သက်တမ်းတိုးချုပ်ဆို

မန်ချက်စတာ ဩဂုတ် ၁၃

မန်ယူအသင်း၏ ကွင်းလယ်ကစားသမား ပက်ဂျီဆန်သည် ယခုအချိန်တွင် အသင်းနှင့် သက်တမ်းတိုးစာချုပ် တစ်ရပ်ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်သည်။

အသက်(၃၀)ရှိ ပက်ဂျီဆန်သည် အဆိုပါ စာချုပ်သစ်အရ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီကုန်အထိ အိုးထရက်ဖို့ဒ်တွင် ရှိနေမည်ဖြစ်သည်။ အဆိုပါ တောင်ကိုရီးယားသားသည် ၂၀၀၅ ခုနှစ်က PSV အသင်းမှ မန်ယူသို့ရောက်ရှိလာခဲ့ပြီး ပြိုင်ပွဲအရပ်ရပ်တိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သည်။ ပက်ဂျီဆန်က မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုးနိုင်ခဲ့ခြင်းအပေါ် အလွန်ပျော်ရွှင်ကျေနပ်ရပြီး စိတ်လှုပ်ရှားရပါကြောင်း ပြောကြားသည်။ ***ESPN***

ပရီမီယာလိဂ်ပွဲစဉ်(၁) ရလဒ်များ

ဘလက်ဘန်း	၁ - ၂	ဝုလ်ဗာဟမ်တန်
ဖူလ်ဟမ်	၀ - ၀	ဗီလာ
လီဗာပူး	၁ - ၁	ဆန်းဒါးလန်း
ကျူပီအာ	၀ - ၄	ဘော်လ်တန်
ဝီဂန်	၁ - ၁	နော့ဝှစ်ချ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

၂၀၁၁ ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ၌ ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှ စတင်၍ မဏိရတနာကျောက်စိမ်းခန်းမအနီး ခင်းကျင်းပြသထားသည့် တင်ဒါစနစ်ဖြင့် ရောင်းချမည့် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်အတွဲများကို စိတ်ဝင်တစား လိုက်လံကြည့်ရှုကြကာ ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

ယခုရောင်းချပွဲတွင် မြန်မာနိုင်ငံထွက် ကျောက်စိမ်းအသားကျောက် စီ(C)အဆင့်၊ ဒီ (D)အဆင့်နှင့် အဆင့်အလွန်နိမ့်သည့် ကျောက်စိမ်းအတွဲပေါင်း ၂၀၅ တွဲကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်ကာ ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ကျောက်စိမ်းအတွဲများ ကြည့်ရှုမှတ်သားခြင်းနှင့် ဈေးနှုန်းအဆိုပြုလွှာများ ထည့်သွင်းကြရမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အဆိုပါ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင် အင်တာနက်သတင်း

အာတိတ်ဒေသရေခဲပြင်များ အရည်ပျော်မှုစံချိန်တင် ဥရောပနှင့် အာရှအကြား သင်္ဘောများ ခုတ်မောင်းရန်လမ်းပွင့်

ဘာသာပြန် - ရေမောင်

မော်စကို ဩဂုတ် ၁၃

မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသ၌ ရေခဲပြင်များ အရည်ပျော်မှုစံချိန်တင် ဖြစ်ပေါ်ခဲ့ပြီးနောက် မြောက်ပိုင်းပင်လယ်ရေကြောင်းလမ်းခွဲ ရေခဲခွဲသင်္ဘောများ အသုံးပြုရန် မလိုအပ်ဘဲ သင်္ဘောများ ခုတ်မောင်းသွားလာနိုင်ကြောင်း ရုရှားသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ သိပ္ပံပညာရှင်များက ပြောကြားကြသည်။

မြောက်ပိုင်းပင်လယ်ရေကြောင်းလမ်း ပွင့်သွားမှုကြောင့် ဥရောပနှင့် အာရှတိုက်အကြား ကုန်သင်္ဘောများ ခုတ်မောင်းသွားလာနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

မကြာသေးမီက ဘယ်လ်ဂျီယံနိုင်ငံမှ ရေနံတင်သင်္ဘော တစ်စင်းသည် ဘယ်ရင်ရေလက်ကြားကို **စာမျက်နှာ ၉ ကော်လံ ၃ သို့**❑

အာတိတ်ဒေသ၌ ကနေဒါ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ဟာလီအမည်ရှိ ရေခဲခွဲသင်္ဘောကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)